# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 24 October 2024 ၁၁၆၂၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

## မိမိနိုင်ငံ၊ မိမိလူမျိုး၏အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းနိုင်မှုလမ်းကြောင်းမှန်ပေါ် တည့်မတ်မြဲမြံခိုင်မာစွာရပ်တည်နိုင်စေရေး အနုပညာစွမ်းပကားဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်

**နေပြည်တော် အောက်တိုဘာ ၂၃**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ညီလာခံခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိသည့်အဖွဲ့များအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။





MWD ဗီဒီယာစင်တာ ရုံဝန်ဆောင်မှုများ

ဗီဒီယို/ရုပ်သံ ရိုက်ကူးထုတ်လုပ်သူများအတွက်...

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသုံးဖြင့် Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။

MWD ဗီဒီယာစင်တာ

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https://www.facebook.com/Public Media Centre

ကြေးမုံ

# နိုင်ငံ့စီးပွား အားကောင်းလာရေး အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားချိန်မှစ၍ ကမ္ဘာတစ်ဝန်း၌ စီးပွားရေးထိခိုက်ရပ်တန့်မှုများနှင့်အတူ မြန်မာနိုင်ငံ၏ စီးပွားရေးသည်လည်း ကျဆင်းသွားခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံ့တာဝန်ယူသည့်အချိန်တွင် ကျဆင်းနေသော စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့သည်။

စီးပွားရေးတွင် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက တိုးတက်မှုများ အားနည်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန် နိုင်ငံတော်အကြီးအကဲက စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ထိုက်သင့်သလောက် တိုးတက်မှုများရရှိခဲ့သည်။ သို့သော် ပြည်တွင်း/ပြည်ပအနှောင့်အယှက်များ၊ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များကြောင့် အဟန့်အတားများရှိနေဆဲဖြစ်သည်။

ထို့ကြောင့် “သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုအပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက်စံပြစိုက်ခင်းများ စိုက်ပျိုး၍ စံနမူနာပြဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ၎င်းနှင့် ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးအား တိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ ရေကို အကျိုးရှိစွာ အသုံးချနိုင်ရမည်၊ မြေကို စနစ်တကျ ပြုပြင်ဆောင်ရွက်နိုင်ရမည်၊ အခြေခံကောင်းများမရှိဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နေကြသည့် ပြည်ပနိုင်ငံများ၏ နည်းစနစ်များကို လေ့လာအတုယူ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ပပို့ကုန်များ တိုးမြှင့်နိုင်ရေးအတွက် အသီးအနှံများ အရည်အသွေးကောင်းမွန်အောင် သုတေသနပြုလုပ်ပြီး ထုတ်လုပ်ကြသော နည်းစနစ်များကိုလည်း လေ့လာအတုယူ ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ကောင်းစွာအသုံးချနိုင်ခြင်းသည် ဂုဏ်ယူဖွယ်ကောင်းသည့် နိုင်ငံ၏အား စွမ်းပကားပင်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ထုတ်ကုန်များနှင့် ပို့ကုန်များ မြှင့်တင်တိုးတက်အောင် ဆောင်ရွက်ကာ ကမ္ဘာပေါ်တွင် စားရေရိက္ခာကောင်းစွာထုတ်လုပ်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများကို ဒေသန္တရမွေးမြူခြင်းထက် လျောင်၍ စနစ်တကျ မွေးမြူဆောင်ရွက်သွားမည်ဆိုပါက အကျိုးများစွာဖြစ်ထွန်းမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူပြုမည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံသင်တန်းကျောင်းများကို ခရိုင်အလိုက် ဖွင့်လှစ်သင်ကြားပေးပြီး မွေးထုတ်ပေးလျက်ရှိသည်။

နိုင်ငံအတွင်းရှိပြီးဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပို့ကုန်ပစ္စည်းများအထိ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများနှင့် နည်းပညာများ ဖန်တီးပေးနိုင်ရမည်ဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာ အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ နိုင်ငံအတွင်းရှိ အခြားသော ပြည့်ဖြိုးမြဲ အခြေခံသယံဇာတများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းများကိုလည်း အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို မြှင့်တင်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့ပြီး အားကောင်းလာစေရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအတိုင်း ရှိပြီးအခြေခံကောင်းများကို ထိရောက်စွာအသုံးချ၍ ကဏ္ဍအလိုက်၊ ရည်မှန်းချက်တစ်ခုချင်းအလိုက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားအောင်မြင်လာအောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်ရက် ထပ်မံတိုးမြှင့်ခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် **“အဂတိပယ်ခွာ ပြည်သာယာ”** ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးများကို ပြိုင်ပွဲဝင်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲဝင်လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၃၀-၁၀-၂၀၂၄ ရက်နေ့ဟု သတ်မှတ်ခဲ့ပါသည်။ ယခုအခါ လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၁၀-၁၁-၂၀၂၄ ရက်နေ့အထိ ထပ်မံတိုးမြှင့်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အလုပ်ခွင်မှာပါဝင်သူများကို ... 

## အခမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အခမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အခမ္ပိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အခမ္ပိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အခမ္ပိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အခမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အခမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အခမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အခမ္ပိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အခမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အခမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အခမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အခမ္ပိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အခမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၉၆ | ၈၁၆,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၀၀ | ၂,၁၅၀ | ၇,၁၀၂,၀၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၃ | ၂၅,၅၀၀ |
| FPB | ၂,၀၀၀ | ၂,၁၀၀ | ၁,၇၅၂ | ၃,၆၆၉,၄၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၆၅ | ၁၈၂,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၃၂၅ | ၂,၂၂၅,၀၀၀ |
| AMATA | ၄,၄၀၀ | ၄,၄၀၀ | ၇ | ၃၀,၈၀၀ |
| MAEX | ၃,၃၅၀ | ၃,၄၀၀ | ၆၁၅ | ၂,၀၉၀,၂၅၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ဒေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မန္တလေးတိုင်းဒေသကြီး ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

❂ **ရှေ့ဖုံးမှ**

ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ ဆုရရှိကြသည့်ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်းတွင် ရှိကြသည့် အကဲဖြတ်အနုပညာရှင်ကြီး ၁၈၀၊ ပြိုင်ပွဲဝင်အနုပညာရှင် ၂၅၈၄ ဦးတို့က တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင် ဆင်နွှဲခဲ့ကြသည့် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အနှစ်သာရရှိရှိဖြင့် ခမ်းနားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း။

ယခု ကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် ပြိုင်ပွဲကာလ ရက်သတ္တတစ်ပတ်မျှသာ ကြာမြင့်ခဲ့သော်လည်း ပြိုင်ပွဲကြီးမှနေ၍ အမျိုးသားရေး အနှစ်သာရနှင့် အဓိပ္ပာယ်များစွာကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ တိုတောင်းလှသည့်ကာလအတွင်း၌ မြန်မာ့အနုသုခုမ၏ ယဉ်ကျေးသိမ်မွေ့သည့် ပညာအဆီအနှစ်များ၊ မြန်မာ့ဓလေ့စရိုက် ထုံးတမ်းစဉ်လာများနှင့် မြန်မာ့ လူမှုအဖွဲ့အစည်း၏ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားများကို မြန်မာ့အနုပညာ စွမ်းအားများဖြင့် ပီပီပြင်ပြင် ဖော်ညွှန်းပြသနိုင်ခဲ့ခြင်းသည် မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဖြစ်ကြောင်း။

မိမိတို့ မြန်မာလူမျိုးများသည် သမိုင်းအဆက်ဆက်တွင် ယဉ်ကျေးမှု အနုပညာရပ်များကို ဖျော်ဖြေရေးသက်သက်အဖြစ်သာ ရှုမြင်ခံစားခဲ့ကြခြင်း မဟုတ်ဘဲ လူမှုဖွံ့ဖြိုးမှုကို တိုက်ရိုက်အထောက်အကူ ပြုနိုင်သည့် အမျိုးသားရေး အမွေအနှစ်များအဖြစ် အလေးထားပြီး အမြတ်တနိုးထိန်းသိမ်းစောင့်ရှောက် ပြုစုပျိုးထောင်လာခဲ့ကြခြင်း ဖြစ်ကြောင်း။ **စာမျက်နှာ ၄ သို့** ❂

❖ **ယခုကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် ပြိုင်ပွဲကာလ ရက်သတ္တတစ်ပတ်မျှသာ ကြာမြင့်ခဲ့သော်လည်း ပြိုင်ပွဲကြီးမှနေ၍ အမျိုးသားရေးအနှစ်သာရနှင့် အဓိပ္ပာယ်များစွာကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ တိုတောင်းလှသည့်ကာလအတွင်း၌ မြန်မာ့အနုသုခုမ၏ ယဉ်ကျေးသိမ်မွေ့သည့် ပညာအဆီအနှစ်များ၊ မြန်မာ့ဓလေ့စရိုက်ထုံးတမ်းစဉ်လာများနှင့် မြန်မာ့လူမှုအဖွဲ့အစည်း၏ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားများကို မြန်မာ့အနုပညာစွမ်းအားများဖြင့် ပီပီပြင်ပြင် ဖော်ညွှန်းပြသနိုင်ခဲ့ခြင်းသည် မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

✪ စာမျက်နှာ ၃ မှ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ရုပ်သေးသဘင်နှင့် ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်မှုများသည် အစဉ်အလာကြီးမားပြီး ခမ်းနားထည်ဝါခဲ့သည့် မြန်မာ့ရုပ်သေးသဘင်နှင့် ဇာတ်သဘင်တို့၏ တန်ဖိုးနှင့် အနှစ်သာရ ပေါ်လွင်အောင် ကြိုးစားဖော်ထုတ် ယှဉ်ပြိုင်တင်ဆက်နိုင်ခဲ့ကြသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်ရကြောင်း။

အထူးသဖြင့် ရှေးခေတ်ဂီတစာဆိုကြီးများ သီကုံးစပ်ဆိုခဲ့သည့် တေးဂီတနှင့် သီချင်းများကို မျိုးဆက်သစ် လူငယ်များက စိတ်အားထက်သန်စွာ သီဆိုတီးမှုတ်နေကြသည်ကို တွေ့မြင်ကြားသိရခြင်းသည် အမျိုးသားရေးအားမာန် တက်ကြွစေသည့် မြင်ကွင်းများပင်ဖြစ်ကြောင်း။

**အမျိုးသားရေး ကိုယ်ခံစွမ်းအားများ မြှင့်တင်ပေးနိုင်**

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်မပြတ် တစ်ဆင့်ပြီး တစ်ဆင့် အရည်အသွေးနှင့် အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာအောင် စနစ်တကျစီမံအားပေး ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့်လည်း ယခုအခါ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ၏ စွမ်းရည်နှင့် တန်ဖိုးကိုမျိုးဆက်သစ် လူငယ်များအပါအဝင် တစ်မျိုးသားလုံး၏ရင်ထဲ၌ စွဲထင်ကိန်းအောင်း လာစေခဲ့ပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများကို တတ်နိုင်သည့်ဘက်က မြှင့်တင်ပေးနိုင်ခဲ့ပြီဟု ဆိုနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေး စိတ်ဓာတ် (National Spirit)နှင့် တန်ဖိုးထားမှုစနစ် (Value System)များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့တိုးတက်မှု (Independent Development)အတွက် လွန်စွာအရေးပါသည့် အခြေခံ အကြောင်းတရားများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆိုပါအန္တရာယ်များကို ထိထိရောက်ရောက် ခုခံတွန်းလှန်နိုင်မည့် မျက်နှာစာတစ်ခုဖြစ်သည့် ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်မှ မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များကို ဆက်လက်ပြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းနိုင်မှု လမ်းကြောင်းမှန်ပေါ်တည့်မတ်မြဲမြံခိုင်မာစွာ ရပ်တည်နိုင်စေရေးအတွက် အနုပညာစွမ်းပကားဖြင့် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြပါဟု အနုပညာရှင်ကြီးများနှင့်အတူ မျိုးဆက်သစ် အနုပညာရှင်များ အားလုံးကို အလေးထား တိုက်တွန်းမှာကြားလိုကြောင်း။ စာမျက်နှာ ၅ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ဝါသနာရှင်(ပထမတန်း)အဆင့်၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**❖ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေး စိတ်ဓာတ် (National Spirit)နှင့် တန်ဖိုးထားမှုစနစ်(Value System)များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့တိုးတက်မှု (Independent Development)အတွက် လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသား)တွင် အဆင့်မြင့်ပညာအဆင့်၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၏ဇနီး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် အဆင့်မြင့်ပညာအဆင့်၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ရခိုင်တိုင်းရင်းသားရိုးရာတေးဂီတအဖွဲ့က "တူရိယာစုံစွ ရခိုင်ဂီတ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

✪ စာမျက်နှာ ၄ မှ

သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အနုပညာရှင်များ အားလုံးကို မှာကြားလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည်နှင့် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက် ရှင်သန်ထွန်းကားနေအောင် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေစေရန် အနုပညာစွမ်းပကားဖြင့် ပူးပေါင်းပါဝင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်စေရန် မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာ ကြီးမားမှု၊ မျိုးရိုးဂုဏ်ရှိန် ထည်ဝါမှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုနှင့် ယဉ်ကျေးသိမ်မွေ့သည့် မြန်မာ့ဂုဏ်ရည်များကို မျိုးဆက်သစ်လူငယ်များအတွင်း စိမ့်ဝင်ပျံ့နှံ့နေပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများ မြင့်မားလာအောင် အနုပညာ စွမ်းပကားဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာ အကအဖွဲ့များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရခိုင်တိုင်းရင်းသားရိုးရာတေးဂီတအဖွဲ့က "တူရိယာစုံစွ ရခိုင်ဂီတ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်က မဟာဂီတအဆိုပြိုင်ပွဲ (အမျိုးသမီး)တွင် ဝါသနာရှင်(ပထမတန်း) အဆင့်၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအားဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ စာမျက်နှာ ၆ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး မဟာဂီတအဆိုပြိုင်ပွဲ (အမျိုးသား)တွင် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ဇနီးမဟာဂီတအဆိုပြိုင်ပွဲ (အမျိုးသမီး)တွင် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသား)တွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း)၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသား)တွင် အဆင့်မြင့်ပညာအဆင့်၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၏ဇနီး ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသမီး) တွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း)၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၏ဇနီး ခေတ်ဟောင်း / ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် အဆင့်မြင့်ပညာအဆင့်၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အကပြိုင်ပွဲ (အမျိုးသား) ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အကပြိုင်ပွဲ (အမျိုးသား) အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ၏ဇနီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၏ဇနီး အကပြိုင်ပွဲ (အမျိုးသမီး) ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ၏ဇနီး အကပြိုင်ပွဲ (အမျိုးသမီး) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ရုပ်သေးကြိုးဆွဲပြိုင်ပွဲ (အမျိုးသား) ဝါသနာရှင်အဆင့် (ဒုတိယတန်း) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ကဗျာလွတ်အကပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) တွင် ဆုရရှိသည့်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ စောင်းအတီးပြိုင်ပွဲ (အမျိုးသား) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

❂ စာမျက်နှာ ၅ မှ

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက မဟာဂီတ အဆိုပြိုင်ပွဲ(အမျိုးသား)တွင် ဝါသနာရှင်(ပထမတန်း)အဆင့်နှင့် ဝါသနာရှင်(ဒုတိယတန်း) အဆင့်တို့၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအားလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များက မဟာဂီတအဆိုပြိုင်ပွဲ (အမျိုးသား)တွင် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီးနှင့် ကောင်စီဝင်များ၏ ဇနီးများက မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အခြေခံပညာအဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၇ သို့ ❂



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် စန္ဒရားအတီးပြိုင်ပွဲ (အမျိုးသား) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် စောင်းအတီးပြိုင်ပွဲ (အမျိုးသမီး) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

- ✻ **မိမိတို့အမျိုးသားယဉ်ကျေးမှုသည် အဘက်ဘက်က ခိုင်မာတောင့်တင်းနေရန်လိုအပ်**
- ✻ **သို့မှသာ တိုင်းတစ်ပါးယဉ်ကျေးမှုများထဲမှ မြန်မာတို့၏ အမျိုး ဘာသာ သာသနာ ယဉ်ကျေးမှုများနှင့် လိုက်လျောညီထွေဖြစ်သည့်အချက်များကိုယူပြီး မိမိလူမျိုးတို့နှင့်ကိုက်ညီသည့် အမျိုးသားယဉ်ကျေးမှု အသွင်သဏ္ဌာန်များကို ပြုပြင်ပြောင်းလဲနိုင်ကြမည်**

**နေပြည်တော် အောက်တိုဘာ ၂၃**

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများအား တိုင်းရင်းသားရိုးရာအကအဖွဲ့များက ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကြိုဆိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယခုကျင်းပပြုလုပ်သည့် အခမ်းအနားသည် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာပြီးစီးရေးအတွက် မိမိတို့၏ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ မေတ္တာစေတနာအပြည့်အဝဖြင့် ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများ၊ ဗဟို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်အဖွဲ့ဝင်အနုပညာရှင်များအားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဂုဏ်ပြုကျင်းပသည့်အခမ်းအနားပင်ဖြစ်ကြောင်း။

**စာမျက်နှာ ၈ သို့ ❖**

**❂ စာမျက်နှာ ၆ မှ**

ဆက်လက်၍ ကောင်စီဝင်များက ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ကောင်စီဝင်များ၏ဇနီးများက ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ၁၅ နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ဇနီးများက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ပြိုင်ပွဲနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မသွန်းဝတီထွဋ်က "မြန်မာ့ဂီတလုပဝေဆာ" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ ဇနီးများက အကပြိုင်ပွဲ (အမျိုးသား) (အမျိုးသမီး) တွင် ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အကပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲ၌ အသက်အငယ်ဆုံး ပါဝင်ယှဉ်ပြိုင်သူ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မောင်ဟိန်းလင်းမာန်သွေးက ကပြဖျော်ဖြေသည်။

ယင်းနောက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက အက၊ အရေးနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထိုသို့ ဂုဏ်ပြုဆုများ ပေးအပ်စဉ် အရေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်အပြီး၌ အရေးပြိုင်ပွဲ၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ရွှေတံဆိပ်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မအိချွေမြင့်မိုရ်က "လူငယ်အားမာန်အမြဲရှင်သန်" တေးသီချင်းဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်အပြီး၌ အတီး (ဒုံမင်း) ပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) တွင် ရွှေတံဆိပ်ဆု ရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ပိုင်က "ရွှေမင်းဂံ" သီချင်းဖြင့်လည်းကောင်း သီဆိုတီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အဖွဲ့များနှင့် ကြိုးဆွဲအဖွဲ့ထူးချွန်ဆု၊ ဆိုင်းပြောအဖွဲ့ထူးချွန်ဆု၊ ပံ့ပိုးဆိုင်းအဖွဲ့ထူးချွန်ဆုနှင့် ဇာတ်ညွှန်းထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဇနက ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပူးတွဲပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အဖွဲ့များနှင့် ဇာတ်သရုပ်ဆောင် ထူးချွန်ဆုရရှိသူများ၊ နှစ်ပါးသွား ထူးချွန်ဆုနှင့် ဇာတ်ညွှန်းထူးချွန်ဆု၊ ဒါရိုက်တာထူးချွန်ဆုနှင့် ပံ့ပိုးဆိုင်းအဖွဲ့ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကြိုဆို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများအား တိုင်းရင်းသားရိုးရာအကအဖွဲ့များက ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကြိုဆိုကြစဉ်။



❖ စာမျက်နှာ ၇ မှ

ယခုပြိုင်ပွဲကြီးများကို နှစ်စဉ်အစဉ်အလာမပျက် အသွင်သဏ္ဌာန်သာမက အနှစ်သာရပါ ပိုမိုပြည့်စုံပြီး အမျိုးသားရေးအဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်စေရေးနှင့် ပြိုင်ပွဲကြီး၏ရည်ရွယ်ချက်များ တိုးတက်အကောင်အထည်ပေါ်လာစေရေး အလေးထားကျင်းပပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲကြီးများတွင် ပညာရှင်ကြီးများအားလုံးက တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြသည့်အတွက် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းကို နိုင်ငံတော်၏ကိုယ်စား အလေးအနက်ထား ပြောကြားလိုကြောင်း။

### အမျိုးသားယဉ်ကျေးမှု ခိုင်မာတောင့်တင်းနေရန်လိုအပ်

မိမိတို့အမျိုးသားယဉ်ကျေးမှုသည် အဘက်ဘက်က ခိုင်မာတောင့်တင်းနေရန် လိုအပ်ကြောင်း၊ သို့မှသာ တိုင်းတစ်ပါးယဉ်ကျေးမှုများထဲမှ မြန်မာတို့၏ အမျိုးဘာသာ သာသနာ ယဉ်ကျေးမှုများနှင့် လိုက်လျောညီထွေဖြစ်သည့်အချက်များကို ယူပြီး မိမိလူမျိုးတို့နှင့်ကိုက်ညီသည့် အမျိုးသားယဉ်ကျေးမှု အသွင်သဏ္ဌာန်များကို ပြုပြင်ပြောင်းလဲနိုင်ကြမည်ဖြစ်ကြောင်း။

ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် အမြဲတမ်းစေ့ဆော်မြှင့်တင်ပေးရန် အထူးလိုအပ်လျက်ရှိကြောင်း။

မြန်မာ့အနုပညာသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ခေတ်အဆက်ဆက် ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများ၏ ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့် ကျေးဇူးတရားများကြောင့် ယနေ့သက်ရှိထင်ရှားရှိနေကြသည့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများသည် အဖိုးထိုက်တန်သည့် မြန်မာ့ယဉ်ကျေးမှု အနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားသူများအဖြစ် ရပ်တည်နေနိုင်ခြင်း ဖြစ်ကြောင်း။

### ပိုမိုခိုင်ခံ့ဝင့်ကြွားတန်ဖိုးကြီးမားလာစေအောင် ပြုစုပျိုးထောင်

ထို့ကြောင့် ဝါရင့်သမ္မာရင့်အနုပညာရှင်ကြီးများကလည်း ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့ကြသည့် ဆရာသခင်အနုပညာရှင်ကြီးများ၏ အစဉ်အလာကောင်း၊ အလေ့အကျင့်ကောင်းများကဲ့သို့ အမွေခံထိန်းသိမ်းထားသည့် အနုပညာဘဏ္ဍာတိုက်ကြီးများကို ပိုမိုခိုင်ခံ့ဝင့်ကြွားတန်ဖိုးကြီးမားလာစေအောင် ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သားမျိုးဆက်သစ်အနုပညာရှင်များအတွက် အနုပညာအမွေ လက်ဆင့်ကမ်းပေးကြပါရန် တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း။

ယခု ငွေရတုပြိုင်ပွဲမှသည် နောင်လာမည့် ရွှေရတု၊ စိန်ရတု ရတုအဆက်ဆက်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးပေါင်းများစွာအတွက် ယဉ်ကျေးမှုအနုပညာအမွေများကို လက်ဆင့်ကမ်းပေးဝေပြီး နိုင်ငံနှင့်လူမျိုး၏အကျိုးကို ထမ်းရွက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သတိုက်တွန်းလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၉ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အသက်အငယ်ဆုံးပြိုင်ပွဲဝင် မောင်ဟိန်းလင်းမာန်သွေးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**❋ ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် အမြဲတမ်းစေ့ဆော်မြှင့်တင်ပေးရန် အထူးလိုအပ်လျက်ရှိ**

**❋ ငွေရတုပြိုင်ပွဲမှသည် နောင်လာမည့် ရွှေရတု၊ စိန်ရတု ရတုအဆက်ဆက်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးပေါင်းများစွာအတွက် ယဉ်ကျေးမှုအနုပညာအမွေများကို လက်ဆင့်ကမ်းပေးဝေ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

❖ စာမျက်နှာ ၈ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်ကိန်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပထမအကြိမ်မှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အထိ အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စည်သူဒေါ်ထား၊ ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာသံစုံတီးဝိုင်းဂီတမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်၊ အဆိုပြိုင်ပွဲ၌ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် အသက်အကြီးဆုံးပြိုင်ပွဲဝင် ဦးတင်အုန်း၊ အကပြိုင်ပွဲ၌ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အသက်အငယ်ဆုံးပြိုင်ပွဲဝင် မောင်ဟိန်းလင်းမာန်သွေး၊ ဇာတ်တော်ကြီးပြိုင်ပွဲအတွက် ကူညီပံ့ပိုးသူ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင် စည်သူဒေါ်ထားကကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အတူတကွ သုံးဆောင်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

**ဂုဏ်ပြုပန်းခြင်းပေးအပ်**

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် အမျိုးသားအားကစားပွဲတော်အတွက် စခန်းသွင်းလေ့ကျင့်နေမှုများ ကြည့်ရှုအားပေး

**မြစ်ကြီးနား အောက်တိုဘာ ၂၃**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ကချင်ပြည်နယ်မှ အားကစားနည်း ၂၁ နည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက ယနေ့နံနက် ၇ နာရီတွင် မြစ်ကြီးနားမြို့ပေါ်ရှိ အားကစားရုံ၊ အားကစားကွင်းများအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ပြည်နယ် ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ပြည်နယ်မြန်မာ့သိုင်းဆပ်ကော်မတီက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် ကစားသမား စိစစ်ရွေးချယ်နိုင်ရေး မြန်မာ့သိုင်းသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ် မြန်မာ့သိုင်းဆပ်ကော်မတီမှ နည်းပြများ၊ လက်ရွေးစင်ကစားသမားများက လက်သိုင်း၊



တုတ်သိုင်း၊ ဓားရှည်ဗန်တို လက်နက်မဲ့တိုက်ခိုက်ခြင်း၊ အဲမောင်းလှံရှည်စွမ်းရည်၊ ဇရက်တောင်ပျံဓားနှင့် လက်စွမ်းရည်၊ ဝိုင်းကြီးထွက်သိုင်းပညာစသည့် သိုင်းစွမ်းရည်များနှင့် မြန်မာ့ဓားရေးကျင့်စဉ်နှင့် အထူးစွမ်းရည်များ လေ့ကျင့်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကို ထောက်ပံ့ပေးအပ်ကာ နည်းပြများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငြိမ်းချမ်းသာယာအားကစားရပ်ဝန်းအတွင်းရှိ ဘော်လီဘောအားကစားရုံ၌ အမျိုးသား/အမျိုးသမီးဘော်လီဘော အားကစားသမားများ၏ လေ့ကျင့်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က စခန်းသွင်းကစားသမားများအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းနှင့် နည်းပြများအတွက် ချီးမြှင့်ငွေကျပ် နှစ်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကြက်တောင်အားကစားခန်းမ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ကြက်တောင်ရိုက်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်တွေ့ဆုံပြီး လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လိုအပ်ချက်များကို မေးမြန်းအားပေးကာ ထောက်ပံ့ငွေကျပ် ခြောက်သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ စက်ရုံများသို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၃**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကို၊ လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. H.E. Phongxaysack INTHALATH နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ Saysetha Development Zone ရှိ Best Garment (Laos) စက်ရုံနှင့် Honor Home (Laos) Sole Limited စက်ရုံများသို့သွားရောက်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို တွေ့ဆုံအားပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် စက်ရုံများအတွင်း လှည့်လည်ကြည့်ရှု၍ မြန်မာအလုပ်သမားများနှင့်တွေ့ဆုံကာ အလုပ်သမားများ အနေဖြင့် ရောက်ရှိသည့်နိုင်ငံ၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုနှင့် ထုတ်ပြန်ထားသည့် ဥပဒေများ၊ ဒေသန္တရ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန် လိုအပ်ကြောင်း၊ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်ကြရန်၊ ကျန်းမာရေးဂရုစိုက်ကြရန်နှင့် ပြဋ္ဌာန်းထားသည့် ဥပဒေပါ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပို့နိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းမှာကြားကာ အလုပ်သမားများအား သီတင်းကျွတ်အမှတ်တရ လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ စက်ရုံများမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား သီတင်းကျွတ်လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

# ဒုတိယဝန်ကြီး ဦးစိုးကြည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး Ms. Shoko Yasuda (Arakaki) ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNFPA တို့အကြား လုပ်ငန်းအစီအစဉ် (Workplan) ရေးထိုးနိုင်ရေးဆောင်ရွက်နေမှုကိစ္စများ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီရေးအဖွဲ့များက ရေဘေးသင့်မြို့နယ်များရှိ ထိခိုက်လွယ်အိမ်ထောင်စုများ အထူးသဖြင့် အမျိုးသမီးနှင့် အမျိုးသမီးငယ်ရွယ်များကို နှစ်သိမ့်ဆွေးနွေးခဲ့မှုများ၊ ၎င်းတို့အား လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ပါဝင်တက်ရောက်**

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် UNFPA ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီးကုန်းမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အကြို စာပေပြိုင်ပွဲများ ပြုလုပ်

**ဇီးကုန်း အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုစာပေပြိုင်ပွဲများကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက အထက (ဇီးကုန်း)၌ ကျင်းပသည်။

**ဂုဏ်ပြုချီးမြှင့်ပေးမည်**

စာပေဆိုင်ရာအကြိုပြိုင်ပွဲများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကြီးကြပ်မှုဖြင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ကျင်းပသည်။ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းပေါင်း ၁၀၈ ကျောင်းမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားကျောင်းသူ ၈၅ ဦး ဝင်ရောက်ယှဉ်ပြိုင်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသားမိဘများက ကြည့်ရှုအားပေးသည်။ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုပေးပွဲအခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၉၆) သင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၂၃**

စာရေးဝန်ထမ်း ကြီးကြပ်သင်တန်းအမှတ်စဉ် (၉၆) ၏ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုရ သင်တန်းသား ဦးသန်းနိုင် (ဌာနခွဲစာရေး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန) ကိုလည်းကောင်း၊ သင်တန်းသူစံပြဆုရသင်တန်းသူ ဒေါ်အေးသန္တာကျော်(ဌာနခွဲစာရေး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန) ကို လည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၆၆ ဦး စုစုပေါင်း ၈၂ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ဩဂုတ် ၁၂ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်မြို့နယ်၌ ဥပဒေရေးရာဆိုင်ရာ အသိပညာပေးဟောပြော

**ပေါင် အောက်တိုဘာ ၂၃**

မွန်ပြည်နယ် ပေါင်မြို့နယ်(အထက)ကျွဲခြံကျောင်း၌ မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက လမင်းတစ်ရာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဒုတိယမြို့နယ်ဥပဒေအရာရှိဒေါ်ဝတ်ရည်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကျောင်းသားကျောင်းသူများ သိသင့်သည့် ဥပဒေဆိုင်ရာများကို ဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ ပေါင်မြို့မစခန်းမှူး ဒုတိယရဲမှူးမင်းဦးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ လူကုန်ကူးမှု၏ဆိုးကျိုးများကို ဟောပြောသည်။



ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်အေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကျောင်းသား ကျောင်းသူများက သိလိုသည့်အကြောင်းအရာများကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# နိုင်ငံသားတစ်ဦးတစ်ယောက်၏ စိတ်ဓာတ် စည်းကမ်း ပညာ

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

> **“မြန်မာတစ်မျိုးသားလုံးအတွက် ပတ်ဝန်းကျင်အသစ်ကို လွှမ်းမိုးနိုင်အောင် တီထွင်ဖန်တီးမှုပညာရေး (Innovative education) နဲ့ ကျွမ်းကျင်မှုအရည်အသွေးတွေကသာ တတ်နိုင်မှာဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းတွေဟာ KG ကစလို့ Ph.D. အထိ ပြုပြင်ပေးနေရမှာပဲ ဖြစ်ပါတယ်။ တကယ်တော့ ပညာရေးလောကသားတွေရဲ့တာဝန်ဟာ သေးမသွားဘဲ အလွန်ကြီးမားလာပါတယ်”**

*(ယမန်နေ့မှအဆက်)*

လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးထားတဲ့ ဆရာဟာ ခေတ်နောက်ကျနေခဲ့ရင် အနာဂတ်ဟာ မျှော်လင့်ချက်မရှိဘူး။ လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးတဲ့ ဆရာဟာ ဆန်းသစ်တဲ့ စိတ်ကူးတွေ ခံယူနိုင်စွမ်းမရှိ ရပ်တန့်နေခဲ့ရင် သူမွေးထုတ်ပေးတဲ့ လူ့စွမ်းအားအရင်းအမြစ်က ဘယ်နည်းနဲ့မှ အနာဂတ်ကို ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး။ ဆရာတွေဟာ ပညာရေးမျှော်မှန်းပန်းတိုင်ရောက်ဖို့ လမ်းညွှန်ရာမှာ ကြိုးစားပမ်းစားနဲ့ ပညာတွေပေးလို့ လူထုရဲ့ အားကိုးရာဖြစ်ပါတယ်။ ဆရာရဲ့ တွေးခေါ်ပုံတွေ၊ ပြောပုံဆိုပုံတွေ၊ ပြုမူပုံတွေဟာ ကျောင်းသားတပည့်တွေဆီ စီးဆင်းပါတယ်။ ကျောင်းသားဆီကို ရောက်သွားတာကြောင့် အကောင်းအဆိုး၊ အကြောင်းအကျိုး အထူးသတိမူရပါမယ်။

**ဆရာ ဆရာမတွေဟာ အဖိုးတန်လူငယ်လူရွယ်၊ လူရည်ချွန်၊ လူရည်မွန်တွေဖြစ်အောင် အားထုတ်ကြရမယ်။ လွယ်လွယ်ပဲသွားတဲ့ Easy going ဆရာတွေရဲ့ လက်ထဲက ကျောင်းသားဟာ လွယ်လွယ်ပဲသွားတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့် ဆရာဟာ အမြဲတမ်း ဆန်းသစ်တဲ့ အယူအဆရှိနေရမယ်။ ဆရာဟာ အတွေးအခေါ်၊ အယူအဆ လုံးဝရှင်သန်နေရမှာပါ။ ဆရာဟာ တစ်နေရာမှာ ရပ်နေခဲ့တယ်ဆိုတာ မဖြစ်စကောင်းဘူး။ ထူးချွန်ပြောင်မြောက်တဲ့၊ တီထွင်ကြံဆနိုင်တဲ့ လူမဖြစ်လင့်ကစား၊ စိတ်ထားမြင့်မြတ်တဲ့ မေတ္တာတရားရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရမယ်။ ဆိုးသွမ်းလူငယ်တွေမဖြစ်ဘဲ စည်းကမ်းရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရပါမယ်။**

> **“လူ့လောကမှာ ဘယ်နေရာဟာ အရေးအကြီးဆုံးလဲလို့မေးရင် လူရှိတဲ့နေရာတိုင်း အရေးကြီးပါတယ်။ အဲဒီကလေးဟာ နိုင်ငံသားကောင်းဖြစ်လာဖို့အတွက် နှလုံးရည်လည်းပြည့်၊ ပညာရည်လည်းကောင်း၊ ယဉ်ကျေးတဲ့ နိုင်ငံသားကောင်းဖြစ်လာဖို့ မျှော်မှန်းရမှာပါ။ ကျွန်တော်တို့နိုင်ငံဟာ စည်းလုံးညီညွတ်မှု (unity) ရှိရပါမယ်။ စည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ခက်ပါတယ်။ အဲဒီလိုစည်းလုံးညီညွတ်ဖို့အတွက် မျိုးဆက်သစ်လူငယ်တိုင်းရဲ့ အရည်အသွေး တွေးခေါ်မြော်မြင်မှု ယုံကြည်ချက်၊ ခံယူချက်တွေပေါ်မှာ အခြေစိုက်ပါတယ်”**

**ပညာရေးလောကသားများ စဉ်းစားသင့်**

အနာဂတ်ပညာရေးဟာ လေ့လာနိုင်စွမ်းရှိအောင် ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း၊ နက်နက်နဲနဲ ခဲရာခဲဆစ် ပြဿနာတွေနဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်စေဖို့ ပညာရေးက လေ့လာစရာ နယ်ပယ်တွေကို မြင်နိုင်စွမ်းရှိအောင် မျှော်မှန်းဆောင်ရွက်နေရတာကိုလည်း တွေ့မြင်ရပါတယ်။

**မြန်မာ့အခြေခံပညာရေးကို စာမေးပွဲက သိပ်လွှမ်းမိုးခဲ့တယ်၊ ကလေးတွေကို ဂုဏ်ထူးနဲ့ ခြိမ်းခြောက်တယ်၊ အမှတ်နဲ့ ခြိမ်းခြောက်တယ်။ ဒီတော့ ကလေးတွေဟာ ဘယ်ဘက်ကို ရောက်သွားသလဲဆိုရင် အလွတ်ကျက်တဲ့ဘက်ကို ရောက်သွားတဲ့အတွက် တီထွင်ကြံဆမှုဘက်မှာ အားလျော့မယ်၊ သူ့ရဲ့ initiative၊ creativity ဒါတွေမှာ သူလျော့နည်းသွားမှာပဲ။ တကယ်ကမ္ဘာကြီးနဲ့ ရင်ပေါင်တန်းဖို့အတွက် ကျွန်တော်တို့ ဘယ်လိုကလေးမျိုး ဖြစ်ချင်တာလဲ၊ textbook ထဲကဟာတွေကို အလွတ်ကျက်ရသွားတဲ့ကလေးမျိုး၊ အဲဒီ အလွတ်ကျက်ကိုအားပေး**တဲ့ မေးခွန်းတွေနဲ့ အမှတ်တွေပေးပြီးတော့ တွန်းပို့ခြင်းခံရတဲ့ ကလေးမျိုးရချင်တာလား။ ဒီနေ့စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်တဲ့ ကလေးမျိုးကို မွေးထုတ်မလား။ ကျွန်တော်တို့ရဲ့ ပညာရေးလောကသားအားလုံး စဉ်းစားသင့်ပါတယ်။

ကျောင်းဆိုတဲ့အဖွဲ့အစည်းမှာ အရေးကြီးတဲ့လူကိုရှာတော့ ဆရာကို ပထမဆုံးတွေ့ရပါတယ်။ ကျောင်းတစ်ကျောင်း ထက်မြက်လာဖို့ အဓိကပုဂ္ဂိုလ်ဟာ “ဆရာ” ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာမြင့်တင်မှုတွေကို ဘယ်လိုပဲချချ သော့က ဘယ်သူ့လက်ထဲမှာရှိသလဲဆိုတော့ ဆရာ ဆရာမတွေ၊ ကျောင်းအုပ်ကြီးတွေလက်ထဲမှာ ရှိပါတယ်။ ကာယကံမြောက် အကောင်အထည်ဖော်ရမှာက ဆရာ ဆရာမတွေဖြစ်ပါတယ်။ ကထိကတွေ၊ ပါမောက္ခတွေ ဖြစ်ပါတယ်။

ပြည်သူတစ်ရပ်လုံးဟာ ကျောင်း၊ တက္ကသိုလ်တွေကို အားထားပါတယ်။ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်အားလုံးဟာ လူကြီးလူငယ်မရွေး သင်ယူနိုင်မယ့် ဗဟိုချက်မတွေဖြစ်ဖို့ နှစ်လုံးပေါက် အားထုတ်နေရပါတယ်။ ဘာကြောင့်ပါလဲ။ သမိုင်းစဉ်တစ်လျှောက်မှာ လူသားဟာ လက်ရှိအသိဉာဏ်စွမ်းရည်၊ ကိုယ်ကျင့်သိက္ခာ၊ နှလုံးရည် စွမ်းရည် အမြဲတမ်းဖွံ့ဖြိုးနေစေရေးအတွက် ပညာရေးစနစ်၊ နည်းလမ်းတွေကို ဆုပ်ကိုင်ပြီး မည်သည့်မျှော်မှန်းချက်တွေထားသင့်တယ်ဆိုတာတွေကို ရှာဖွေနေရတဲ့ ကာလကြီးဖြစ်ပါတယ်။

ကောလိပ်နဲ့ တက္ကသိုလ်တွေဟာ ကမ္ဘာတိုးတက်ပြောင်းလဲမှုတွေကို တုံ့ပြန်နိုင်မယ့် အရည်အသွေးကိုရအောင်၊ မျက်မှောက်ကာလဖြစ်ပေါ်မှုတွေအပြင် အနာဂတ်ရဲ့ တောင်းဆိုမှုတွေနဲ့ လိုက်လျောညီထွေမှု ရှိအောင်၊ ရှိစေမယ့် သင်ရိုးညွှန်းတမ်းတွေဖြစ်ဖို့ အားထုတ်နေကြရပါတယ်။ အကောင်းဆုံး သင်ရိုးညွှန်းတမ်းအတွက် အရည်အသွေး ဘက်စုံမြင့်တဲ့ ဆရာလိုပါတယ်။ ဆရာက အလွန်ကောင်းတယ်။ သင်ရိုးညွှန်းတမ်း ညံ့ရင်လည်းပဲ ပညာရေးက လိုချင်တဲ့ ရလဒ်ရမှာ မဟုတ်တဲ့အတွက် အကောင်းဆုံး **သင်ရိုးညွှန်းတမ်းတစ်ခုအတွက် အကောင်းဆုံး ဆရာ လိုပါတယ်။ ဒါကြောင့် ပညာရည်မြင့်မားဖို့ ဦးစားပေး အစီအစဉ်တစ်ခုက ဆရာ အရည်အသွေးကို မြှင့်တင်နေရပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာမြှင့်တင်နေရပါတယ်။**

ဘာကြောင့်ပါလဲ။ ပညာရေးစနစ်ရဲ့ ကိုယ်ပိုင်အရင်းအမြစ်ဟာ ဆရာ ဆရာမတို့ဖြစ်ပါတယ်။ ပညာရေးစနစ်တစ်ခုလုံးရဲ့ အရင်းအမြစ်ဖြစ်ပါတယ်။ သင်ကြားမှု၊ လေ့လာမှုဆိုင်ရာ အရင်းအမြစ် ဖြစ်ပါတယ်။ ဆရာ ဆရာမတို့ရဲ့ စွမ်းဆောင်ရည် မြင့်မားရင် မြင့်မားသလောက် ပညာရေးစနစ်ဟာ ရှေ့ကိုရောက် တိုးတက်လာမှာ ဖြစ်ပါတယ်။ လက်ရှိမျိုးဆက်သစ်တွေကို သူတို့ရင်ဆိုင်ရမယ့် အနာဂတ်အတွက် ပညာရေးက ကြိုတင်ပြင်ဆင်ပေးရပါလိမ့်မယ်။ ဒါကြောင့် ပညာရေးစနစ်မှာ အရေးကြီးကဏ္ဍမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ ဆရာမတို့ဟာ နိုင်ငံလိုအပ်ချက်၊ ဒေသလိုအပ်ချက်တွေကို အမြဲတမ်းဖြည့်ဆည်းပေးနေရမှာပဲ ဖြစ်ပါတယ်။ (KEY... Keep Educating Yourself ဖြစ်ပါတယ်)။

**ဒါသည်ပင် ခေတ်မီနိုင်ငံတော်ကြီးကို တည်ဆောက်တာ ဖြစ်ပါတယ်။ ဆရာဟာ အခြေခံပဲဖြစ်ဖြစ်၊ အဆင့်မြင့်ပဲဖြစ်ဖြစ်၊ ဆရာဟာ ဆရာပါပဲ။ ဆရာဟာ Teacher (သင်ပြသူ)၊ စည်းရုံးသူ (Organi-zer)၊ ခေါင်းဆောင် (Leader) ပါပဲ။ ကျောင်းပရဝဏ်ထဲ ရောက်လာတဲ့ကလေးတွေကို မတတ်ရကောင်းလား၊ နားမလည်ရကောင်းလားဆိုပြီး စားပွဲကို ကြိမ်လုံးနဲ့ တဖြန်းဖြန်းရိုက်ပြီး ကလေးကို အုပ်ချုပ်တာလောက်နဲ့ အရည်အသွေးမျိုးရှိတဲ့ ဆရာနဲ့ ဒီနေ့မြန်မာ့ပညာရေးမျှော်မှန်းချက်ကို ရောက်အောင်သွားလို့ မရတော့ဘူးဆိုတာ နားလည်ကြရပါလိမ့်မယ်။ ဘာသာရပ် နားလည်အောင် စည်းမျဉ်းစည်းကမ်းတွေ သိရှိလိုက်နာအောင် အကျိုးနဲ့ အကြောင်းနဲ့ ကလေးတွေကို စိတ်ရှည်ရှည်ထားပြီး သင်ကြားပို့ချကြရပါလိမ့်မယ်။**

မြန်မာတစ်မျိုးသားလုံးအတွက် ပတ်ဝန်းကျင် **အသစ်ကို လွှမ်းမိုးနိုင်အောင် တီထွင်ဖန်တီးမှု ပညာရေး (Innovative education) နဲ့ ကျွမ်းကျင်မှု အရည်အသွေးတွေကသာ တတ်နိုင်မှာဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းတွေဟာ KG ကစလို့ Ph.D. အထိ ပြုပြင်ပေးနေရမှာပဲ ဖြစ်ပါတယ်။ တကယ်တော့ ပညာရေးလောကသားတွေရဲ့ တာဝန်ဟာ သေးမသွားဘဲ အလွန်ကြီးမားလာပါတယ်။**

နိုင်ငံတော်ရဲ့ နိုင်ငံရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ပညာတတ်တွေ ပေါ်ကြွယ်ဝရေး ဖြစ်ပါတယ်။ ဒေသလိုအပ်ချက်ဆိုရာမှာ စိတ်ပိုင်း၊ ရုပ်ပိုင်း လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးမယ့် လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးနေရမှာ ဖြစ်ပါတယ်။

ပညာရေးလို့ပြောရင် ကျောင်းဟာ ရပ်ရွာရဲ့ စင်တာ ဗဟို။ ဘယ်မိဘကိုမေးမေး သူတို့ကျောင်း၊ တက္ကသိုလ်ကောင်းတာကို ဂုဏ်ယူပါတယ်။ အထွတ်အထိပ်၊ ဗဟိုချက်မမှာထားတဲ့ ကျောင်းကို ရပ်ရွာက အားကိုးလေးစားရတဲ့ နေရာဌာနတစ်ခုဖြစ်အောင် ကလေးတွေရဲ့ ပညာရည်မြင့်မားဖို့ ယဉ်ကျေးသိမ်မွေ့ဖို့၊ ကျွမ်းကျင်မှုအဆင့်အတန်းရှိတဲ့ နိုင်ငံသားဖြစ်ဖို့၊ ဥပဒေနဲ့ စည်းကမ်းတွေ လေးစားလိုက်နာဖို့ နိုင်ငံကလိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်လာဖို့အတွက်ကျောင်းကို ရောက်လာကြတာပါ။ ဒါကြောင့် အပတ်တကုတ် ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။

ရှေးခေတ်လူသား ကြမ်းတမ်းရိုင်းစိုင်းတဲ့ဘဝက ရုန်းထွက်လာခဲ့တဲ့ ယဉ်ကျေးမှုအဆင့်အတန်း လူ့ယဉ်ကျေးမှုတစ်ခုလုံးကို ထိန်းသိမ်းဖို့ စွမ်းဆောင်နိုင်တဲ့နေရာဟာ ကျောင်းပဲ၊ ဒီကျောင်းဟာ လေးလံနှေးကွေးနေသလား၊ ကျောင်းတွေရဲ့ လှုပ်ရှားမှုတွေဟာ ဘယ်လိုဖြစ်နေသလဲဆိုတာ အမြဲသုံးသပ်နေရပါမယ်။ ကျောင်းနဲ့ လူ့အဖွဲ့အစည်း ဒီလိုဆက်ဆံရလိမ့်မယ်စတဲ့ လုပ်ငန်းစဉ်တွေ ချမှတ်ထားရလိမ့်မယ်။ ကလေးတစ်ယောက်ရဲ့ လူမှုဆက်ဆံရေးကို ဆရာက ဦးဆောင်ရလိမ့်မယ်။

**ဗဟိုချက်မဟာ ဆရာပါပဲ...**

ပညာသင်ကြားမှုတစ်ခုလုံးရဲ့ ဗဟိုချက်မဟာ **ကျောင်းသား ကျောင်းသူ လူငယ်တွေ၊ ဆည်းပူးနေလိုသူတွေ၊ အလုပ်ခွင်က ဝန်ထမ်းတွေပဲ။ ဘာကြောင့်လဲ။ အနာဂတ်ရဲ့ မျိုးဆက်တွေမို့ အသက်ကြီးငယ်မရွေး အကျုံးဝင်နေပါတယ်။ ဒီမျှော်မှန်းချက်တွေရဖို့ ပညာရေးအစီအစဉ်တွေကိုအကောင်အထည်ဖော်တဲ့နေရာမှာတော့ ဗဟိုချက်မက ဆရာ ဖြစ်ပါတယ်။ ဘယ်လို လုပ်ငန်းစဉ်ချချ ဆန့်ကျင်ဘက် ချဉ်းကပ်နည်းတွေဟာ ရှိစမြဲပါ။ တက္ကသိုလ်တွေက လူ့အဖွဲ့အစည်းအတွက် ပညာတတ်မြောက်မှု၊ ကျွမ်းကျင်မှုနဲ့ ဖန်တီးနိုင်မှုတွေမှာ မြင့်မားနိုင်သမျှ မြင့်မားအောင်၊ ပြည့်စုံနိုင်သမျှပြည့်စုံအောင် ဖန်တီးပေးရမှာဖြစ်ပါတယ်။**

ဒါကြောင့် ဒေသအလိုက်တည်ရှိနေတဲ့တက္ကသိုလ်တွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ ဆရာမအပေါင်းနဲ့ ဒေသတွင်းက ကျောင်းသား ကျောင်းသူအပေါင်းဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသူတွေဖြစ်တယ်လို့ ပြောတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒေသတွင်း လူငယ်လူလတ်တွေရဲ့ ကျွမ်းကျင်မှု၊ ထိုသူတွေရဲ့ အရည်အသွေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟာ ထိုဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးလို့ နိုင်ငံဟာ ငြိမ်းချမ်းမယ်။ ဖွံ့ဖြိုးတိုးတက်မယ်။

ဒီကျောင်း၊ တက္ကသိုလ်တွေကို သက်ဝင်လှုပ်ရှားစေမယ့် ဆရာရဲ့ကဏ္ဍ၊ ဆရာရဲ့အားထုတ်မှု၊ စိတ်နေစိတ်ထား ခံယူမှုတို့ဟာ ကလေးတစ်ယောက်အတွက် အလွန်အရေးကြီးလှပါတယ်။ ဘာသာရပ်နားမလည်ရင် ဒီကျောင်းသားကို မှတ်မိအောင်လုပ်၊ အလွတ်ကျက်သက်သက်နဲ့ ဒီကျောင်းက ထွက်သွားဖို့ မမျှော်မှန်းဘူး။ ပညာကို အုတ်မြစ်အဖြစ်ထား (Knowledge base)၊ ကျွမ်းကျင်မှုကို (Skill base) အုတ်မြစ်အဖြစ်ထား၊ ဒါ့အပြင် ဦးဆောင်တတ်တဲ့ ကျောင်းသား၊ ဖန်တီးမှု (initiative and creativity) ရှိတဲ့ ကျောင်းသားတွေ ဖြစ်ဖို့အထိ မျှော်မှန်းပြီး သင်ကြားပေးရပါလိမ့်မယ်။

**စာမျက်နှာ ၁၂ သို့** ❂

# ဒုတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနား ကျင်းပ၊ နှစ်နိုင်ငံရေတပ်မှ အရာရှိ၊ စစ်သည်များ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်၊ ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ်လေးစင်း ပြန်လည်ထွက်ခွာ



ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် လေးစင်း သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာစဉ်။



နှစ်နိုင်ငံ စစ်ရေယာဉ်များသို့ အပြန်အလှန် လေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၃**

ဒုတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ကျင်းပရာ တပ်မတော်(ရေ)နှင့် ရုရှားရေတပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ်လေးစင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်း၊ နှစ်နိုင်ငံ စစ်ရေယာဉ်များသို့ အပြန်အလှန်လေ့လာခြင်း၊ ဂုဏ်ပြုညစာစားပွဲများ အပြန်အလှန်ကျင်းပခြင်းနှင့် ဆိပ်ကမ်းအခြေပြု လေ့ကျင့်ခန်းများ ဆောင်ရွက်ကြပြီး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် လေ့ကျင့်ခန်းဧရိယာသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့်အတူ ယနေ့နံနက်ပိုင်းက ဘုရင့်နောင်တံတား အမှတ်(၁)အနီး ရန်ကုန်-ပုသိမ် လမ်းဘေးရေမြောင်းကို ဆိပ်ကမ်းသာလမ်းဖြတ်၍ လှိုင်မြစ်အတွင်းသို့ စီးဆင်းစေရန် ၆၆ လက်မရှိ Pipe Culvert ရေမြောင်း တည်ဆောက်နေမှု၊ ရှမ်းချောင်းရေထိန်းတံခါး ရေစီးရေလာအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် (၇) ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်- ညောင်တုန်းလမ်းဆုံရှိ ဘုရင့်နောင်ပန်းခြံ တိုးချဲ့မြေနေရာတွင် ကွန်ကရစ်ခင်းကျင်းထားရှိမှု၊ အုတ်ရေမြောင်း ရေစီးရေလာအခြေအနေ၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်းဖြတ်၍ Box Culvert တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်းလျားကန်ရေမျက်နှာပြင် တိုင်းတာထားရှိမှု၊ ရေကျော်ပေါက်များ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ အင်းလျားကန်သည် ကန်ရေပြင် အကျယ်အဝန်း ဧက ၉၆၀ ရှိ၍ ကန်ရေပြည့်အမှတ် ပင်လယ်ရေ မျက်နှာပြင်အထက် ၄၈ ပေ ရှိသဖြင့် ရေပြည့်အမှတ် မရောက်မီ ကန်တော်ကြီးသို့ လက်မ ၃၀ ပိုက်ဖြင့် ပေးပို့ခြင်း၊ ရေပိုလွှဲမှတစ်ဆင့် ရေပေါက်ကြည်ချောင်းသို့ ဖောက်ထုတ်ခြင်းတို့ဖြင့် ရေကြီးရေလျှံမှုမဖြစ်စေရန် ကန်ရေအား ထိန်းညှိဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ကန်တော်ကြီးရေပြင် ထိန်းသိမ်းထားရှိမှုနှင့် အထက်ပန်းဆိုးတန်းလမ်း ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**☆ ကျောဖုံးမှ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဂိုးစတင်ပေးခဲ့ရသော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးများပြန်သွင်းကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဟောင်ကောင်အသင်းနှင့် အာရှအားကစားပြိုင်ပွဲ အုပ်စုအဆင့်တွင် တွေ့ဆုံဖူးရာ တစ်ဂိုးတည်းဖြင့်ကပ်၍ အနိုင်ရသော်လည်း ယခုခြေစမ်းပွဲတွင်မူ ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ယုကီတက်ဆုရိုသည် ပွဲထွက်လူစာရင်းတွင် စီနီယာကစားသမားများကို အခြေခံကာ လူသစ်ကစားသမားများဖြင့် တွဲဖက်ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ ဟောင်ကောင်အသင်းကလည်း မြန်မာအသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး ၁၁ မိနစ်တွင် လိုင်မဲဟယ်ဆင်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို အသင်းခေါင်းဆောင် ခင်မာလာထွန်းက အဝေးကန်ချက်ဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် သရေကျနေသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်မြှင့်ခဲ့ပြီး ၅၅ မိနစ်တွင် စန်းသော်သော်က ထောင့်ကန်ဘောကို ခေါင်းတိုက်ကာ ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး မိနစ် ၈၀ တွင် ရွှေရည်ထွန်း၊ ၉၀+၁ မိနစ်တွင် ဝင်းသီတာထွန်းတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို အောက်တိုဘာ ၂၆ ရက်တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

**❂ စာမျက်နှာ ၁၁ မှ**

**လူ့လောကမှာ ဘယ်နေရာဟာ အရေးအကြီးဆုံးလဲလို့မေးရင် လူရှိတဲ့နေရာတိုင်း အရေးကြီးပါတယ်။ အဲဒီကလေးဟာ နိုင်ငံသားကောင်းဖြစ်လာဖို့အတွက် နှလုံးရည်လည်း ပြည့်၊ ပညာရည်လည်းကောင်း၊ ယဉ်ကျေးတဲ့ နိုင်ငံသားကောင်းဖြစ်လာဖို့ မျှော်မှန်းရမှာပါ။ ကျွန်တော်တို့နိုင်ငံဟာ စည်းလုံးညီညွတ်မှု (unity) ရှိရပါမယ်။ စည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ခက်ပါတယ်။ အဲဒီလို စည်းလုံးညီညွတ်ဖို့အတွက် မျိုးဆက်သစ်လူငယ်တိုင်းရဲ့ အရည်အသွေး၊ တွေးခေါ်မြော်မြင်မှု၊ ယုံကြည်ချက်၊ ခံယူချက်တွေပေါ်မှာ အခြေစိုက်ပါတယ်။**

အမေရိကန်နိုင်ငံက ယနေ့အချိန်အခါမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၅၀၀ ကျော် ရှိပါတယ်။ သိပ္ပံနဲ့နည်းပညာဟာ ပိုပြီးအခရာကျကြောင်း၊ ပြည်တွင်းငြိမ်းချမ်းမှုရှိတော့ လူအားငွေအားတွေ ပုံအောပြီး သုံးနိုင်ကြောင်း တွေ့ရပါတယ်။

ယနေ့အချိန်အခါမှာ မြန်မာနိုင်ငံရဲ့တက္ကသိုလ်တွေဟာ သမားရိုးကျ ဗဟိုဦးစီးအုပ်ချုပ်မှုပုံစံကနေ ပိုမိုနွေးထွေးတဲ့ မိသားစုပုံစံ (Corporate Model) အသွင်နဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုကိုလည်း ပခုံးထမ်း ယူကြရမှာဖြစ်ပါတယ်။ ပညာရေးဟာ “Teaching and Learning” သင်ယူလေ့လာမှုနှစ်ခု သဟဇာတဖြစ်အောင် လုပ်ကြရမယ်။ ICT နည်းပညာကိုသုံးတဲ့ သင်ကြားသင်ယူမှု၊ လေ့လာမှု၊ တီထွင်ဆန်းသစ်တဲ့ နယ်ပယ်ထဲကိုရောက်အောင် တွန်းတင်ပေးရမှာ ဖြစ်ပါတယ်။ မိမိကိုယ်တိုင်သင်ယူမှု “Self-Learning” ကို ဖောင်းပေးရမယ်။

မြန်မာနိုင်ငံရဲ့ ဘယ်ဒေသမှာရှိနေတဲ့ ကျောင်း၊ တက္ကသိုလ်က ဆရာဟာ မိမိရောက်နေတဲ့ ဒေသရဲ့ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူအများစုသင်ယူလေ့လာနိုင်တဲ့ ဝန်းကျင်ကောင်းဖြစ်တဲ့အထိ မျှော်မှန်းပြီးဆောင်ရွက်ဖို့၊ ကျွမ်းကျင်မှုအတတ်ပညာတွေ မြှင့်တင်ရတာ ရှိကောင်းရှိမယ်။ အဲဒီလုပ်ငန်းစဉ်တွေရဲ့ ဗဟိုချက်မဟာ ဆရာပါပဲ။ ဒီတော့ ဆရာဟာ အလွန်အားထုတ်ပေးရမယ့်နေရာမှာရောက်ရှိနေပါတယ်။ ဆရာရဲ့ ပညာအရည်အသွေး၊ သဘောထား၊ အမြော်အမြင်မြင့်မားမှုဟာ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ တောင်ပေါ်မြေပြန့် မခွဲခြားပါဘူး။ ဘယ်ဒေသက ကလေးသူငယ်ဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်လာဖို့ လိုလားရပါမယ်။ တောင်ပေါ်မြေပြန့် မရှိတော့ပါဘူး။ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး ညီညွတ်မျှတမှုအတွက် နိုင်ငံသားတွေအားလုံးရဲ့ အသိဉာဏ်ပညာ၊ စိတ်ဓာတ်နဲ့ စည်းကမ်းကောင်းမွန်ဖို့၊ ပညာရေးကို မြှင့်တင်နေကြရမှာဖြစ်ပါတယ်။

ပညာရည်ပိုမိုမြင့်မားဖို့အတွက် အားထုတ်ရတဲ့ လုပ်ငန်းဟာ ကျယ်ပြန့်နက်ရှိုင်းတဲ့ လုပ်ငန်းကြီးဖြစ်နေတဲ့အတွက် ယနေ့တိုင်ပညာရေးညီလာခံ၊ နှီးနှောဖလှယ်ပွဲတွေ ပြုလုပ်နေရဆဲဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ အမျိုးသားပညာရည်မြင့်မားရေးကို ဆောင်ကြဉ်းနိုင်ရန် အစီအစဉ်တွေ ချမှတ်ထားပါတယ်။ သက်ဆိုင်သူ ပညာရှင်အသီးသီးနဲ့ တိုင်ပင်ဆွေးနွေးပြီး ချမှတ်ခဲ့ကြပါတယ်။ စဉ်ဆက်မပြတ်လေ့လာသင်ယူနေတဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ခု ဖြစ်ထွန်းလာဖို့ မျှော်မှန်းပြီးဆောင်ရွက်နေရပါတယ်။

မြန်မာနိုင်ငံရဲ့ အနာဂတ်ပညာရေးဟာ ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း လေ့လာစရာနယ်ပယ်သစ်တွေကို ဖြစ်နိုင်စွမ်းရှိအောင် မျှော်မှန်းပြီး ဆောင်ရွက်ကြရမယ့် ခရီးရှည်ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းဟာလမ်းဆုံလမ်းခွပဲ၊ လူဆိုးလေးအဖြစ်နဲ့ ကျောင်းက ထွက်သွားမလား၊ လူတော်လူကောင်း ထူးချွန်သူအဖြစ်နဲ့ ကျောင်းက ထွက်သွားမလား၊ ဒီနှစ်ခုပဲ စီစဉ်ညွှန်ကြားသူက ဆရာပဲ၊ ဒါရိုက်တာဟာ ဆရာပဲ။ လူချွန်လူကောင်းလေးတွေပဲဖြစ်သွားဖို့ ပါရမီကြောင့် မအောင်မြင်ရင်တောင်မှ စိတ်ထားကောင်းမွန်တဲ့ ကလေးဘဝနဲ့ ထွက်သွားဖို့ ကြိုးစားရမယ်။ မှန်ကန်တဲ့ နည်းကောင်းလမ်းမှန်တွေကို ရွေးချယ်တတ်သူ၊ စည်းရုံးလှုပ်ရှားတတ်သူ၊ အစဉ်နိုးကြား တက်ကြွသူ၊ ဦးဆောင်မှုပေးတတ်သူတွေဖြစ်လာဖို့ အလွန်အရေးကြီးပါတယ်။

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဖန်တီးမှုရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကသာ ဆက်လက်ရှင်သန်၊ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားဖြစ်ထွန်းမှု၊ လူ့ဘောင်ရဲ့ ညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကိုရှေးရှုနိုင်မှာဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။ ။

# တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေး

**ကာဇန် အောက်တိုဘာ ၂၃**

တရုတ်-ရုရှား နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း စိတ်ဓာတ်နှင့် မိတ်ဆွေဖြစ်မှုကို စွဲကိုင်ထားပြီး ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံကာ ကဏ္ဍစုံ၌ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လျက်ရှိကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

(၁၆)ကြိမ်မြောက် BRICS အဖွဲ့ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ရုရှားနိုင်ငံ ကာဇန်မြို့သို့ ရောက်ရှိနေစဉ် တရုတ်သမ္မတရှီကျင့်ဖျင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။


**ထပ်လောင်းပြောကြား**

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံစလုံး၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ရှင်သန်ရေးနှင့် ခေတ်မီတိုးတက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ခဲ့ကာ နိုင်ငံတကာနယ်ပယ်တွင်လည်း တရားမျှတမှုကို မြှင့်တင်နိုင်ခဲ့ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ထပ်လောင်းပြောကြားသည်။

ယနေ့ကမ္ဘာတွင် တိုးတက်ပြောင်းလဲမှုများနှင့် စိန်ခေါ်မှုများရှိနေသော်လည်း မိမိတို့နှစ်နိုင်ငံအကြား မိတ်ဆွေအဖြစ်တည်ရှိနေမှုသည် ပြောင်းလဲမည်မဟုတ်ဘဲ ကမ္ဘာ့ပြည်သူများ၏ အကျိုးစီးပွားကိုပါ ပူးတွဲဆောင်ရွက်မည် ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

ကုန်သွယ်ရေးကဏ္ဍ ကဲ့သို့သော ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့ပြီး မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများသည် လက်ရှိအချိန်တွင် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

BRICS ယန္တရားသည် ထွန်းသစ်စဈေးကွက်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကြား စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ကမ္ဘာ့အရေးအကြီးဆုံးပလက်ဖောင်းအဖြစ်တည်ရှိနေကြောင်းနှင့် BRICS ၏ သဘာပတိအဖြစ် ရုရှားနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက အထူးချီးကျူးဂုဏ်ပြုကြောင်း သမ္မတရှီက ပြောကြားခဲ့သည်။



တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့ ရုရှားနိုင်ငံ ကာဇန်မြို့၌ အောက်တိုဘာ ၂၂ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

**မြှင့်တင်ဆောင်ရွက်**

နှစ်နိုင်ငံအကြား တရုတ်နိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီးပွားရေးစကြံ်စီမံကိန်းနှင့် ရုရှားနိုင်ငံက ဆောင်ရွက်နေသည့် ယူရေးရှားစီးပွားရေးအဖွဲ့အစည်းကို မြှင့်တင်ဆောင်ရွက်မည်ဟု သိရသည်။

BRICS ယန္တရား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အပြုသဘောဆောင်သော ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရန် မျှော်လင့်ထားကြောင်း တရုတ်သမ္မတရှီက ထပ်လောင်းပြောကြားခဲ့သည်။

လွန်ခဲ့သည့် (၇၅)နှစ်က ရုရှားနှင့် တရုတ်နိုင်ငံကြား သံတမန်ဆက်ဆံရေး ထူထောင်ပြီးနောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးသည် ခေတ်သစ်တွင် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်များအဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်အကျိုးရှိမှုတို့ကို အခြေခံ၍ ရုရှား-တရုတ် ပူးပေါင်းဆောင်ရွက်မှုသည် ဆက်လက်ခိုင်မာနေပြီး ရုရှား-တရုတ် ယဉ်ကျေးမှုနှစ်ဆိုင်ရာလှုပ်ရှားမှုများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် ပိုမိုနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်ပြီး နှစ်နိုင်ငံစလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြန်လည်ရှင်သန်မှုကိုမြှင့်တင်ရန် အသင့်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က မှတ်ချက်ပြု ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ် ပထမကိုးလအတွင်း နိုင်ငံခြားသားခရီးသည် ၄ ဒသမ ၈ သန်း ဆွဲဆောင်

**ဖနောင်ပင် အောက်တိုဘာ ၂၃**

ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ် ပထမကိုးလတာအတွင်း နိုင်ငံခြားသားခရီးသည် ၄ ဒသမ ၈ သန်းကို ဆွဲဆောင်ခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားလာရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

အဆိုပါ အရေအတွက်သည် ယမန်နှစ်အလားတူ ကာလ ၃ ဒသမ ၉၂ သန်းထက် ၂၂ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ပထမကိုးလအတွင်း နိုင်ငံခြားသားခရီးသည် လာရောက်မှုအရေအတွက် လေးသန်းနီးပါးရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုအရေအတွက် ဇယားတွင် ထိုင်းနိုင်ငံက ထိပ်ဆုံးမှ ရပ်တည်နေပြီး ဗီယက်နမ်၊ တရုတ်၊ လာအိုနှင့် အမေရိကန်နိုင်ငံတို့က ရပ်တည်လျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယဉ်ကျေးမှုနှင့် ဂေဟဗေဒခရီးသွားလာရေးအတွက် နေရာတစ်ခုဖြစ်ကြောင်း ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ တော့ဖ်ဆိုဖက်က ပြောသည်။

ထို့ပြင် ယူနက်စကိုစာရင်းဝင် ကမ္ဘာ့အမွေအနှစ်နေရာများဖြစ်သည့် အန်ကောရေးဟောင်းသုတေသနဥယျာဉ်၊ အနောက်မြောက် ဆီယမ်ရိပ်ပြည်နယ်နှင့် ဆီဟန်နောဗီလီအနောက်တောင်ပိုင်းရှိ လှပသောပင်လယ်အော်တို့ကြောင့် ကျော်ကြားခြင်းဖြစ်ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထို့ပြင် အခြားကမ္ဘာ့အမွေအနှစ်နေရာသုံးနေရာဖြစ်သည့် ကမ်ပေါင်သွမ်ပြည်နယ် အလယ်ပိုင်းရှိ Sambor Prei Kuk ဘုရားကျောင်းဇုန်နှင့် ပရာဗီဟီးယားဘုရားကျောင်းနှင့် Koh Ker ရှေးဟောင်းသုတေသနနယ်မြေတို့လည်းရှိသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးပေးသည့် မဏ္ဍိုင်လေးရပ်အနက်မှ တစ်ခုဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားသားခရီးသည် ၅ ဒသမ ၄၅ သန်းကို လက်ခံရရှိခဲ့ပြီး စုစုပေါင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈ ဘီလီယံ ရရှိခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားလာရေးဝန်ကြီးဌာနက ပြောသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အင်အားပြင်းမုန်တိုင်း ထရာမီ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းရှိ လူဇုန်ကျွန်းသို့ ဝင်ရောက်တိုက်ခတ်

**မနီလာ အောက်တိုဘာ ၂၃**

အင်အားပြင်းမုန်တိုင်း ထရာမီသည် ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းရှိ လူဇုန်ကျွန်းသို့ ယနေ့ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံး ၁၅ ဦး သေဆုံးကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက အတည်ပြုပြောကြားသည်။

အဆိုပါ မုန်တိုင်းတိုက်ခတ်မှုကြောင့် လူဇုန်ကျွန်း၏ အရှေ့ပိုင်းဒေသရှိ ပြည်သူ ၄၀၀၀၀၀ နီးပါး ထိခိုက်ခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရက ပြောကြားသည်။ ရေကြီးရေလျှံခြင်းနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခြင်းတို့ကြောင့် ပြည်သူ ၁၂၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မုန်တိုင်းဒဏ်သင့် ဒေသအချို့တွင် လေကြောင်းနှင့် ဆိပ်ကမ်းလုပ်ငန်းများ ရပ်ဆိုင်းထားပြီး ခရီးသည် ထောင်ပေါင်းများစွာ သောင်တင်လျက်ရှိသည်။ အချို့နေရာများတွင်လည်း လျှပ်စစ်မီးပြတ်တောက်မှုများနှင့် ရင်ဆိုင်နေရသည်။

မုန်တိုင်းသည် ဆက်လက်အင်အားပြင်းလာနိုင်ပြီး လူဇုန်ကျွန်း၏ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းပြောကြားသည်။ သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် ၎င်း၏ လုပ်ငန်းဆောင်တာအစီအစဉ်များကို ဖျက်သိမ်းခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနီးကပ်ညွှန်ကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# အစ္စရေးလေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း ဟစ်ဇ်ဘိုလာအဖွဲ့ အကြီးအကဲ ဟာရှမ်ဆာဖီဒိုင် ကျဆုံး

**ဂျေရုဆလင် အောက်တိုဘာ ၂၃**

လွန်ခဲ့သော ရက်သတ္တသုံးပတ်အတွင်း လက်ဘနွန်နိုင်ငံ မြို့တော်ဘေရွတ်၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း ဟစ်ဇ်ဘိုလာအဖွဲ့၏ အကြီးအကဲ ဟာရှမ်ဆာဖီဒိုင် ကျဆုံးခဲ့ကြောင်း အစ္စရေးတပ်မတော်က ယနေ့ပြောကြားကြောင်း သိရသည်။

ဘေရွတ်မြို့တော် တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာအဖွဲ့၏ အဓိကမြေအောက်ထောက်လှမ်းရေး ဌာနချုပ်တည်ရှိရာ အဆောက်အအုံကို အစ္စရေး တိုက်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်မှုအတွင်း ဟာရှမ်ဆာဖီဒိုင် ကျဆုံးခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်။

တိုက်ခိုက်မှုအတွင်း ဟစ်ဇ်ဘိုလာ အကြီးတန်းတပ်မှူး ၂၅ ဦးခန့် အဆိုပါအဆောက်အအုံအတွင်း ရှိနေခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။ သို့သော် ၎င်းတို့ အသက်ရှင်ကျန်ရစ်ခြင်း ရှိ၊ မရှိကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

ဟာရှမ်ဆာဖီဒိုင်သည် ဟစ်ဇ်ဘိုလာ ခေါင်းဆောင်ဟောင်း ဟာဆန်နာရာလာရှ်၏ ဝမ်းကွဲညီအစ်ကိုတစ်ဦးဖြစ်သည်။ စက်တင်ဘာလတွင် အစ္စရေးတပ်ဖွဲ့ဝင်များက ဟာဆန်နာရာလာရှ်ကို လုပ်ကြံသတ်ဖြတ်ခဲ့ပြီးနောက် ဟာရှမ်ဆာဖီဒိုင်သည် ဟစ်ဇ်ဘိုလာအဖွဲ့၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

အောက်တိုဘာ ၂၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၈၄၇၃၉)ကိုလည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၂၉၈၂၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၉၁၄၅၅၉ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ သိမ်းဆည်းရမိမှု။

အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၂ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ဥတ္တရခရိုင်နှင့် ပျဉ်းမနားခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၃၆၆ တန်၊ အခြားသစ် ၁ ဒသမ၂၈၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၄၂၈၄ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လုဘက်ခြမ်း) ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၆၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Box Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၄၆၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လက်ဝတ်ရတနာပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၀၀၀၀)ကိုလည်းကောင်း၊ ဟိုပုံးမြို့ ပြည်ထောင်စုလမ်းမကြီးအနီး၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၀မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၆၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၇၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် မြိတ်မြို့နယ်၌ လိုင်စင်မဲ့ Honda Insight ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီးနှင့် စက်မှုဇုန်ထုတ် Kyaw Thitsar Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ကွတ်ခိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan Mini Bus တစ်စီးနှင့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့ စဉ့်ကိုင်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၇၆၄၉၁) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၀၃၁၄၉၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ် သဘော့ကန်ကျေးရွာ၌ တရားမဝင်စက်သုံးဆီဓာတ်ဆီ ၂၁ ပီပါ၊ ဒီဇယ် နှစ်ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၂၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ငပုတောမြို့နယ် ဈေးတံတားအနီး၌ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၀၄၀၀) ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက်၌ လိုင်စင်မဲ့ Honda Airwave ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြန်အောင်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၄၇၉ တန်၊ အခြားသစ် ၆ ဒသမ ၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၇၄၄) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၃၅၁၄၄ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၅၁၀၆၄၇၈) သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများနှင့် သစ်များ တရားမဝင်တင်ပို့မှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဂေဟစနစ်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁၀-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

**၀၆:၀၀** အနန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၀** (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် ဆိုးကာ၊ ရေး၊ တီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားအစီအစဉ်
**၀၉:၄၀** မြန်မာချစ်တဲ့ မုန့်ဟင်းခါး
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ပန်းတနော်မြို့ရဲ့ဒေသထွက်သင်ဖြူးဖျာ
**၁၁:၄၀** NEXT LEVEL
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားက ချစ်လိပ်ပြာ' (အပိုင်း-၁၆)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၁၄)
**၁၅:၁၀** မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
**၁၆:၅၀** ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်
**၁၇:၀၅** Soccer View
**၁၇:၂၀** လူမှုစီးပွားသတင်းများ
**၁၇:၄၀** ကမ္ဘာ့ကုလသမဂ္ဂနေ့အထိမ်းအမှတ်အစီအစဉ် 'ကမ္ဘာ့ကုလသမဂ္ဂနေ့'
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကစားကွက်' (အပိုင်း-၂၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ပြည်ချစ်သားမွန်တေးသဝဏ်
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၁၆)
**၂၂:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

**07:01** Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
**07:09** Shwedagon Buddha Museum
**07:42** Ecotourism: Along River Chindwin To Khamti
**08:01** News
**08:26** Topics Potpourri; Hop Cultivation in Innovating Indoor Farm
**08:32** Topical Science Topics (Current Life Expectancy and Longevity)
**08:57** Taste of Home Land Sour and Spicy Crab
**09:01** Palm Resort
**09:08** Myanmar Avocado In The Global Market
**09:35** Offering the Lotus Robe of its Kind
**10:01** News
**10:26** Encouraging Sustainable MSMEs In Media & Entertainment Industry (Brunei)

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ကြက်သားပဲရုံချက်နည်း
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ
**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ငှက်လိုက်ပွဲ
**ဝကေကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
တစ်နိုင်တစ်ပိုင်ထန်းလျက်လုပ်ငန်း
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အသီးအခေါ်အဝေါ်)
**ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိနိမ္မတောင်
**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၄)
**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
တောင်သူတို့အတွက် အရိပ်ပေးနိုင်လုံ့လက်ရာ ခမောက်လေး
**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ထိန်းသိမ်းစို့လေရှိးရာအငွေ(ရထားဆွဲပွဲ)
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှေးဟောင်းဗိသုကာလက်ရာစုံလင်ရာ ရွှေအင်းတိန်ဘုရား

### MRTV NEWS

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၈:၄၅** ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လှချင်းအတူတူ'
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၇)

### MRTV FARMERS' / HTV Channel

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၁၅** 'သုတပဒေသာစိုက်ပျိုးနည်းပညာ' ကြံအထွက်နှုန်းတိုးစေဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၁၈:၄၀** Live Tour-Seven Sons Farms
**၁၉:၁၀** How No-Till Changes a Farm
**၁၉:၃၀** International Music Hits
**၂၂:၀၀** Suzume(နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** Sports Max
**၀၇:၄၀** Weekly Soccer Preview
**၁၇:၀၀** အားကစားသတင်း
**၁၈:၀၀** E Sports

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော သိဒ္ဓိထွန်းအမှတ်တံဆိပ် အမျိုးသားအားဆေး၊ ဂုဏ်မာန်တစ်ထောင်အမှတ်တံဆိပ် သက်စောင့်အားတိုးဆေးနှင့် ဆောင်တော်ကူးအမှတ်တံဆိပ် အမျိုးသားအကြောအားတိုးဆေးတို့သည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | သိဒ္ဓိထွန်း | အမျိုးသားအားဆေး | ဆေးမှုန့် | ဇီဝသိဒ္ဓိတိုင်းရင်းဆေးတိုက် အမှတ် ၆၂၊ ၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | Tadalafil |
| ၂။ | ဂုဏ်မာန်တစ်ထောင် | သက်စောင့်အားတိုးဆေး | ဆေးမှုန့် | သမားဒေဝါဆေးတိုက် အမှတ် ၁၆၅၊ ပထမထပ်၊ ဗညားဒလလမ်းမကြီး၊ ၁၁၉ စတိုးနှင့် မျက်နှာချင်းဆိုင်၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | Sildenafil |
| ၃။ | ဆောင်တော်ကူး | အမျိုးသားအကြောအားတိုးဆေး | ဆေးမှုန့် | အမှတ်၇၆၈၊သပြေလမ်း၊ (၈) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | Sildenafil |



Sildenafil ရောနှောသည့် ဆေးထုပ်နမူနာများ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**တည်ဆဲဥပဒေများအရ အရေးယူခံရမည်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Thet Wai Phyo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက်နေ သက်ဖူးဝေ(ခ)သက်ဝေဖြိုးအား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် အောက်တိုဘာ ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၄ ဒသမ ၈၅၈၈ တန်၊ သစ်မာ ၄ ဒသမ ၆၆၀၀ တန်၊ အခြား ၅၁ ဒသမ ၈၉၂၈ တန် စုစုပေါင်း ၉၁ ဒသမ ၄၁၁၆ တန်၊ ယာဉ်/ ယန္တရား တစ်စီးနှင့်အတူ တရားခံ ၁၀ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဘုတလင်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၅၀ ခန့်အား ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြည်သူ ၂၂ ဦးခန့်အား သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၅၀ ခန့်အား ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြည်သူ ၂၂ ဦးခန့်အား သတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့အတွင်း သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရေး လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်း မရှိကြောင်း၊ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့် ဘုတလင်မြို့နယ် စီပါကျေးရွာမှ အပြစ်မဲ့ပြည်သူ ခြောက်ဦးကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ကို အောက်တိုဘာ ၂၁ ရက်တွင် နိုင်ငံပိုင် သတင်းမီဒီယာများမှ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လူမဆန်သည့် ရက်စက်စွာသတ်ဖြတ်ခြင်း၊ အဖျက်အမှောင့်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် အများပြည်သူ စိုးရိမ်ထိတ်လန့်လာစေပြီး ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် လှုံ့ဆော်ဝါဒဖြန့်သည့် သတင်းမှားများဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်လွန်ကတ္တရာခင်းခြင်းနှင့် စက်မှုလုပ်ငန်းများဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး



မုံရွာ အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ပိုးတန်းရပ်ကွက် ထူပါရုံ လမ်းအရှည် ပေ၂၇၅၀၊ အကျယ် ၁၆ ပေအား ၁၈ ပေ လမ်းသားချဲ့၍ အခြေခံအလွှာပြုပြင်ခြင်းနှင့် နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းခွင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းစက်မှုဇုန်ရှိ တစ်ရက်လျှင် တစ်တင်းအိတ် ၃၀၀ ကြိတ်ခွဲနိုင်သည့် ကိုပြားကြီးပဲခွဲစက်သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက ကုလားပဲကြိတ်ခွဲမှုမှ ထွက်ရှိလာသည့် ကုန်ချောနှင့် တိရစ္ဆာန်အစားအစာအဖြစ် ရောင်းချနိုင်သည့် ဘေးထွက်ကုန်များကို ရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ရုံအတွင်း ကုလားပဲကြိတ်ခွဲနေမှုများနှင့် ကုန်ကြမ်း စုဆောင်းထားရှိမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်အတူ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းစက်မှုဇုန်ရှိ စစ်ကိုင်းစတီး သံရည်ကျိုပန်းလုံးနှင့် ဟင်းဂလိုင်းစက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက စက်ရုံအတွင်း သံရည်ကျိုနေမှုများ၊ ပန်းလုံးနှင့် ဟင်းဂလိုင်းအမျိုးမျိုး ထုတ်လုပ်နေမှုများကို ရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပေါင်းတည်မြို့နယ်၌ ဖူးစားပြောင်း ကေသုံးထောင်ကျော် စိုက်ပျိုးထားရှိမှု ဖြစ်ထွန်းအောင်မြင်

ပေါင်းတည် အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဖူးစားပြောင်း ၃၁၈၈ ဧက စိုက်ပျိုးခဲ့ကာ ယခုတွင် စားဖိုဆောင်သီးနှံ အသီးအပွင့်များကို ဆွတ်ခူးရောင်းချနေရပြီး ဖူးစားပြောင်း စိုက်ခင်းများမှာလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး နည်းပညာအားကောင်းလာသည်နှင့်အမျှ တောင်သူများသည် အထွက်နှုန်းကောင်းသည့် သီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရာတွင်လည်း ဈေးကောင်းရရှိကြကြောင်း သိရသည်။ ပေါင်းတည်မြို့နယ်တွင် တောင်သူများ အဓိကစိုက်ပျိုးရောင်းချသည့် ငရုတ်၊ ကြက်သွန်နှင့် ဟင်းသီးဟင်းရွက်များ၊ ပဲရှည်သီး၊ ခရမ်းသီး၊ မုန်လာဥ၊ ခရမ်းချဉ်သီး၊ ရုံးပတီ၊ သခွား၊ ဆလတ်၊ မုန်ညင်း၊ ကြက်ဟင်းခါးသီး၊ ဖူးစားပြောင်းနှင့် ကွမ်းပင်များကိုလည်း မိုးရေ၊ မြေအောက်အဝီစိတွင်းရေနှင့် ချောင်းရေတို့ အသုံးပြု၍ စိုက်ပျိုးကြကြောင်း သိရသည်။

ရွှေသား (ပြန်/ဆက် )

# ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း၁၂ခုရှိရာ အောက်တိုဘာ ၂၃ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ HED ရေတံခါးချပ် ၂၀ ထောင်ထားသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၂၃-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၃.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၇၅၆၈ | ၆၂၆.၅၃ | ၅၆၂၈၈၅ | ၁၇၉၅၂ (လျှပ်စစ်) ထုတ်ရေ) | - | - | - | - | ၀.၆၅ | ၆၂၆.၆၃ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၈ | ၆၂၇.၂၅ | ၂၈၃၉၇ | - | ၇.၇၅ | ၈၁၀၃ | - | - | ၀.၁၀ | ၆၂၇.၂၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၁၃၀ | ၅၁၈.၉၀ | ၈၈၇၆၇ | ၂၇၁ | ၁.၁၀ | ၃၀၀၃ | - | - | ၂.၅၄ | ၅၁၈.၆၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၂၄၅ | ၅၀၉.၅၀ | ၁၀၄၅၂ | ၄ | ၂.၅၀ | ၁၈၀၅ | - | - | ၁.၉၈ | ၅၀၉.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၂၂ | ၄၃၇.၈၂ | ၆၉၄၆၀ | ၂၈၄ | ၁.၁၈ | ၃၅၄၀ | - | - | ၀.၇၁ | ၄၃၇.၇၈ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၇၃ | ၅၃၄.၆၀ | ၇၃၃၉၂ | - | ၀.၄၀ | ၁၆၀၈ | - | - | ၀.၈၀ | ၅၃၄.၅၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၈၉ | ၇၅၂၆ | ၁၁ | ၂.၁၁ | ၁၁၉၂ | - | - | ၀.၂၇ | ၄၁၅.၉၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၂၄၈ | ၇၀၃.၄၅ | ၁၀၇၁၅၁ | ၁၆၅ | ၆.၅၅ | ၃၅၉၃၉ | - | - | ၀.၈၄ | ၇၀၃.၄၄ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | ၀.၁၃ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၅၈ | ၈၆၃.၅၀ | ၁၀၁၄၃ | ၂၈ | ၆.၅၀ | ၄၄၅၇ | - | - | ၀.၉၅ | ၈၆၃.၄၅ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၃၀ | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀)ချပ် ထောင်ထားပါသည်။

## တောင်ငူခရိုင်အတွင်း ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်




တောင်ငူ အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမ၌ တောင်ငူခရိုင်အတွင်း ရေဘေးကြောင့် နေအိမ်မျောပါပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ရပြီး မြို့နယ်ငါးမြို့နယ်တွင် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၁၄၃ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၁၉၀၂၁ စု၊ လူဦးရေ ၇၃၈၅၁ ဦးအား အချိန်မီပြောင်းရွှေ့ခြင်းနှင့် နေထိုင်စားသောက်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုကြောင့် တောင်ငူခရိုင်အတွင်း လုံးဝပျက်စီးခဲ့သည့် ပြည်သူလူထု နေအိမ် ၅၉၆ လုံးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့်နေအိမ် ၆၂ လုံးအတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းသည် နိုင်ငံတော်အစိုးရက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ်ဝင်းထွဋ်လေးတို့က ရေဘေးကြောင့် နေအိမ်မျောပါပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ရာဂီမုန်တိုင်းကြောင့် တောင်ငူမြို့နယ်တွင် လုံးဝပျက်စီးနေအိမ် ၄၈၄ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၆၁၇ လုံး၊ ရေတာရှည်မြို့နယ်တွင် လုံးဝပျက်စီးနေအိမ် ၈၃ လုံး၊ အုတ်တွင်းမြို့နယ်တွင် လုံးဝပျက်စီးနေအိမ် ၂၈ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ငါးလုံး၊ ထန်းတပင်မြို့နယ်တွင် လုံးဝပျက်စီးနေအိမ် တစ်လုံး စုစုပေါင်းလုံးဝပျက်စီးနေအိမ် ၅၉၆ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၆၂၂ လုံးအတွက် ထောက်ပံ့ငွေကျပ် ၂၄၈၉ ဒသမ ၁၀ သန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်




ဘားအံ အောက်တိုဘာ ၂၃

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

အခမ်းအနားတွင်ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကား ပြောကြားကာ ပထမအကြိမ် ရေကြီးရေလျှံမှုတွင် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်ကြီး မြို့နယ်များရှိ စုစုပေါင်း ထိခိုက်ပျက်စီးနေအိမ် ၃၆ လုံးအတွက် နေအိမ်တစ်လုံးလျှင် ၂ ဒသမ ၃၅ ကျပ်သန်းနှုန်းဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ ရေဘေးကယ်ဆယ်ရေးအလှူငွေမှလည်းကောင်း၊ ဒုတိယအကြိမ် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်ကြီးမြို့နယ်တို့မှ စုစုပေါင်း ထိခိုက်ပျက်စီးနေအိမ် ၂၆ လုံးအတွက် နေအိမ်တစ်လုံးလျှင် ၂ ဒသမ ၃၅ ကျပ်သန်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုရန်ပုံငွေမှလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာသော နေအိမ်ထိခိုက်ပျက်စီး ဆုံးရှုံးသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးသူများအား အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အဆင့်မြင့်မိုဘိုင်းဖုန်းပြုပြင်ခြင်း သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ကျွမ်းကျင်မှုလေ့ကျင့် ရေးသင်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ကအဖွင့် အမှာစကားပြောကြားပြီး ပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းထူးချွန် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြည်နယ် လူမှုရေးရာဝန်ကြီးက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ်၌ ရေဘေးကြောင့် မျောပါပျက်စီးနေအိမ်များအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

အုတ်တွင်း အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ကျေးရွာအုပ်စု ငါးအုပ်စုရှိ ကျေးရွာအချို့မှ ရေဘေးကြောင့်မျောပါပျက်စီးသွားသော နေအိမ်များအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည်။

**ပေးအပ်**

အခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ လုံးဝပျက်စီးနေအိမ် ၂၈ လုံးအတွက် နေအိမ်တစ်လုံးလျှင် ငွေကျပ် ၂၃၅၀၀၀၀ ဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၆၅၈၀၀၀၀၀၊ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် နေအိမ်ငါးလုံးအတွက် တစ်အိမ်လျှင် ငွေကျပ် ၁၇၅၀၀၀၀ စုစုပေါင်းထောက်ပံ့ငွေကျပ် ၇၄၅၅၀၀၀၀ နှင့် AHA Center နှင့် အိန္ဒိယနိုင်ငံတို့မှ လှူဒါန်းထောက်ပံ့သည့် လုံးဝပျက်စီးနေအိမ် ၂၈ လုံးအတွက် ပစ္စည်း ၁၄ မျိုးနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်များအတွက် ပစ္စည်းငါးမျိုးတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့်အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၃

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# တရားမဝင်ကုန်သွယ်မှုများအား သတင်းပေးတားဆီးနိုင်ခြင်းဖြင့် သတင်းပေးဆုငွေ ယူကြပါစို့

ဖိုးအောင်

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ကုန်သွယ်မှုကဏ္ဍသည် အရေးကြီးသောအပိုင်းကပါဝင်ပြီး နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေရှာဖွေပေးသည့် အဓိကကဏ္ဍတစ်ရပ်ဟုလည်း ဆိုနိုင်ပေသည်။

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က မူဝါဒများချမှတ်ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း စီးပွားရေးမသမာမှုများကို ကာကွယ်တားဆီးရန် ဆောင်ရွက်ရပါသည်။ တစ်ဖက်တွင်လည်း ဝိသမလောဘသား စီးပွားရေးသမားများက နိုင်ငံတော်အကျိုးနှင့် ပြည်သူ့အကျိုးကိုမငဲ့ဘဲ ရရာနည်းလမ်းရှာကြံ၍ တရားမဝင် တင်သွင်း၊ တင်ပို့ခြင်းများဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုမှုများအနက် **“နိုင်ငံတကာ ဥပဒေများအရ သတ်မှတ်ထားသည့် တရားမဝင်ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းနှင့် အဆိုပါဆောင်ရွက်ချက်များကို အားပေးရန် ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်မှုကိုမဆို တရားမဝင်ကုန်သွယ်မှု”** ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။






တရားမဝင်ကုန်စည်များ ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံများ။

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးမှုဖြစ်ပေါ်စေပါသည်။ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းကြောင့် ဈေးကွက်ပျောက်ဆုံးရပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရှင်သန်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ခုပင်ဖြစ်သည်။

### နိုင်ငံ ၈၄ နိုင်ငံအနက် အဆင့် ၈၂ နေရာတွင် ရပ်တည်နေ

တရားမဝင်ကုန်သွယ်မှု များပြားလာခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ငွေကြေးမတည်ငြိမ်မှုများ ဖြစ်ပေါ်စေပြီး နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးများကို ထိခိုက်စေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် ကာကွယ်တားဆီးရမည်ဖြစ်ပါသည်။ တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ထားသည့် ကမ္ဘာ့တရားမဝင်ကုန်သွယ်မှု

> **တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးမှုဖြစ်ပေါ်စေပါသည်။ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းကြောင့် ဈေးကွက်ပျောက်ဆုံးရပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရှင်သန်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ခုပင်ဖြစ်**

အညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် နိုင်ငံ ၈၄ နိုင်ငံအနက် အဆင့် ၈၂ နေရာတွင် ရပ်တည်နေပြီး ရမှတ် ၂၃ မှတ်သာရှိသည်ဟု သိရှိရပါသည်။

ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေ ညွှန်းကိန်းဆိုသည်မှာ အစိုးရ၏ မူဝါဒ၊ ရောင်းလိုအားနှင့် ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုရှိသည့် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်စသည့် အညွှန်းကိန်း လေးခုဖြင့် တိုင်းတာကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေ ညွှန်းကိန်းမြင့်တက်လာမှုနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်၌ ဌာနအချင်းချင်းအကြား ပူးပေါင်းမှုမြှင့်တင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်နှင့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်းပြီး နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ **“တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ”** ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကလည်း နိုင်ငံနှင့် ပြည်သူလူထု အကျိုးငှာ အချိန်ဆိုင်းမနေဘဲ လျင်မြန်သောအရှိန်အဟုန်ဖြင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဖွဲ့စည်းရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကလည်း အထူးကောင်းမွန်လှပါသည်။

နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ နိုင်ငံအတွင်းသို့ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ဝင်ရောက်မှုမရှိစေရေး၊ အရည်အသွေးနိမ့် လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ဆေးဝါးများနှင့် တားမြစ်ပိတ်ပင်ထားသည့် ကုန်ပစ္စည်းများ တင်သွင်း၊ တင်ပို့၊ သယ်ဆောင်မှုမရှိစေရေးအတွက် ထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**တရားမဝင်ကုန်သွယ်မှုများသည် ဆယ်စုနှစ်များစွာ အမြစ်တွယ်ရှင်သန် ကြီးထွားနေသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးသည် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အထိရောက်ဆုံးကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။** လက်ရှိတွင်လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် တာဝန်သိနိုင်ငံသားစိတ်ဓာတ်ဖြင့် သတင်းပေးပို့သည့် ပြည်သူများ ပူးပေါင်းပါဝင်လျက်ရှိပါသည်။

သတင်းပေးပို့သူနှင့်ပတ်သက်သော အချက်အလက်များကိုလည်း လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိပါသည်။ သတင်းပေးပို့မှုများအရ တားဆီးဖမ်းဆီးရမိသည့် တရားမဝင်ကုန်ပစ္စည်းအပေါ်တွင် ရွေးယူဒဏ်ငွေတပ်ရိုက်ခြင်း သို့မဟုတ် ကုန်ပစ္စည်းများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး လေလံတင်ရောင်းချခြင်းတို့မှ ရရှိသည့်ငွေ၏ ၂၀ ရာခိုင်နှုန်း (ဥပမာ ငွေကျပ်သိန်း ၁၀၀ ဖြစ်ပါက ကျပ်သိန်း ၂၀) ကို သတင်းပေးသူများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၀) **လုပ်ထုံးလုပ်နည်းနှင့်အညီ သတင်းပေးဆုငွေများ လျှို့ဝှက်စွာ ဆက်သွယ်ချီးမြှင့်လျက်ရှိပါသည်။**

### သတင်းပေးပို့မှုကြောင့် ဖမ်းဆီးနိုင်ခဲ့သည့် အမှုတွဲ ၃၃၃ မှု

ထို့အပြင် တည်ဆဲပြည်ထောင်စုအခွန်အကောက်ဥပဒေတွင် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးခြင်းမှရရှိသော ဖမ်ဆီးဆုငွေနှင့် သတင်းပေးဆုငွေများအား ဝင်ငွေခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသဖြင့် သတင်းပေးပြည်သူများအတွက် နိုင်ငံတော်က အခွင့်အရေးတစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆုငွေအဆင့်သို့ ရောက်ရှိပြီး ဆုငွေများချီးမြှင့်ပေးသည့် အမှုတွဲ ၃၆၄၂ မှုရှိခဲ့ပြီး ထိုအမှုတွဲများတွင် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုကြောင့် ဖမ်းဆီးနိုင်ခဲ့သည့် အမှုတွဲ ၃၃၃ မှု ပါဝင်ပါသည်။

သတင်းပေးသူများအတွက်လည်း သတင်းပေးဆုငွေကျပ် ၁၄၃၀ ဒသမ ၂၆၀ သန်း ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။ ကျန်ရှိသည့်အမှုတွဲများကိုလည်း အမြန်ဆုံးဆုငွေချီးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ပြည်သူများက ပူးပေါင်းပါဝင်၍ ယခုထက် ပိုမိုသတင်းပေးပို့နိုင်ပါက တရားမဝင် ကုန်သွယ်မှုများအား ပိုမိုထိရောက်သောဆောင်ရွက်မှုများဖြင့် တားဆီးထိန်းချုပ်နိုင်မည်ဟု ယုံကြည်မိပါသည်။

**အချို့သောပြည်သူများက သတင်းပေးတိုင်ကြားလိုသော်လည်း မည်သည့်နေရာတွင် မည်သူ့ကို သတင်းပေးရမည်ကို မသိကြပေ။** အချို့ပြည်သူများကလည်း မိမိသတင်းပေးခြင်းကြောင့် ဝိသမလောဘသား စီးပွားရေးသမားများ၏ အန္တရာယ်ပြုလာမည်ကို ကြောက်၍ နှုတ်ဆိတ်နေတတ်ကြပါသည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားနိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် FM Radio များတွင် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ E-mail လိပ်စာများ ဖော်ပြလျက်ရှိသည့်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များသို့ ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ E-mail ဖြင့်လည်းကောင်း၊ လူကိုယ်တိုင်ဖြင့်လည်းကောင်း ယုံကြည်စိတ်ချစွာ သတင်းပေးတိုင်ကြားနိုင်ပါသည်။

သတင်းပေးသူဆိုရာတွင် နိုင်ငံတော်က ဥပဒေတစ်ရပ်ရပ်ဖြင့် ပိတ်ပင်၊ တားမြစ်ထားသော သို့မဟုတ် အကောက်ခွန်ပေးဆောင်ရန် ပျက်ကွက်နေသော သို့မဟုတ် အကောက်ခွန်တိမ်းရှောင်ရန် ကြိုးစားနေသော သို့မဟုတ် အကောက်ခွန်မဲ့ဖြစ်သောပစ္စည်းများ ဖမ်းမိနိုင်ရေးအတွက် ပြည့်စုံတိကျသော အချက်အလက်များပေးပို့သူအား သတင်းပေးသူဟု မှတ်ယူနိုင်မည်ဖြစ်သည်။

### သတင်းပေးသူနှင့်ပတ်သက်သည့် အချက်အလက်များ

သတင်းပေးသူနှင့်ပတ်သက်သည့် အချက်အလက်များအား အထူးလျှို့ဝှက်ထိန်းသိမ်းထားရှိသည့်အတွက် သတင်းပေးသူများအနေဖြင့် စိုးရိမ်မှုများမရှိရန် သက်ဆိုင်ရာ သတင်းလက်ခံသည့်ဌာနများကလည်း အာမခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။ သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်သွယ်မှုများအား ထိထိရောက်ရောက် တားဆီးဆောင်ရွက်နိုင်ပါက အထက်တွင်ဖော်ပြခဲ့သည့် ပြည်သူ့အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုများနှင့် နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရန်အတွက် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ ထိထိရောက်ရောက် ဆောင်ရွက်နေသကဲ့သို့ နိုင်ငံ့စီးပွားရေးကဏ္ဍနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်နစ်နာစေသည့် တရားမဝင်ကုန်သွယ်မှုများအား ကာကွယ်တားဆီးနိုင်ရေး ပြည်သူများက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်၍ နိုင်ငံတော်ကချီးမြှင့်ပေးသည့် သတင်းပေးဆုငွေအား ဂုဏ်ယူစွာရယူကြပါစို့ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

# ဧည့်သည်

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ

(၁၇-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

အဲဒီလိုလူပျိုကြီး၊ အပျိုကြီးဆိုတဲ့ လူတွေကျတော့ ဘာနဲ့တူလဲဆိုတော့ ကွင်းပြင်ကြီးမှာ ချုံငြိနေကြတာတဲ့။ သားလည်း မရှိ၊ သမီးလည်း မရှိ၊ ဇနီးလည်း မရှိ၊ မယားလည်း မရှိ၊ ခင်ပွန်းယောကျ်ားလည်း မရှိနဲ့ စီးပွားဥစ္စာလည်း ဒီလောက်ပင်ပင်ပန်းပန်း မလုပ်ရဘဲနဲ့ နိဗ္ဗာန်ရောက်အောင် ကြိုးစားလိုက်ပါလား၊ နိဗ္ဗာန်ရောက်အောင် လုပ်လိုက်ပါလားဆိုတော့လည်း ကွင်းပြင်မှာသွားပြီး ချုံငြိနေတယ်။ ဟိုဟာ ငဲ့ရတာလိုလို၊ ဒီဟာ ငဲ့ရတာလိုလို။ ဘယ်သူ့ကို ဘာကို ဘယ်ကိုငဲ့ပြီး ငြိလို့ငြိမှန်းကို မသိတော့ပါဘူး။

တကယ်ပြောချင်တာက ယောဂီတို့နေတဲ့ လောကကြီးကို အမှန်တကယ်ကိုပဲ ဒုက္ခဆင်းရဲလို့ သဘောပေါက်စေချင်တာပါ။

ယောဂီတို့၊ ယောဂီတို့က ဧည့်သည်နော်၊ ဧည့်သည်။ ဒါလေး မမေ့နဲ့၊ ဒါလေး ပြောချင်တာ။ ယောဂီတို့က ဧည့်သည်ဆိုတာကို ပြောပြချင်တာပါ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ကလည်း လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတွေ ဖြည့်ဆည်းခဲ့တုန်းကလည်း ဧည့်သည်၊ တစ်ဘဝတစ်ခဏ တစ်အိမ်မှာ ခိုနား၊ ပြီးတော့ဆက်သွား၊ တစ်ဘဝ တစ်ခဏ တစ်အိမ်မှာ ခိုနား၊ ပြီးတော့ဆက်သွား၊ အဲဒီလိုနဲ့ပဲ သံသရာကို ဧည့်သည်အနေနဲ့ ခရီးတွေဆက်ခဲ့တာပါ။ တချို့ဆိုရင် ဧည့်သည်အဖြစ်ကလွတ်ပြီး နိဗ္ဗာန်ရောက်သွားကြပြီ အိမ်ရှင်ဖြစ်သွားကြပြီပေါ့။ တချို့ကတော့ နိဗ္ဗာန်မရောက်ကြသေးပါဘူး။

နိဗ္ဗာန်ကို မရောက်သေးသမျှ ဧည့်သည်ဘဝနဲ့ပဲ သံသရာကို ဆက်သွားရမှာပါ။

လောကကြီးမှာ ဒါမှမဟုတ် သုံးဆယ့်တစ်ဘုံမှာ လူဖြစ်လည်း ဧည့်သည်၊ နတ်ဖြစ်လည်း ဧည့်သည်၊ ဗြဟ္မာဖြစ်လည်း ဧည့်သည်၊ တိရစ္ဆာန်ဖြစ်လည်း ဧည့်သည်။ ငရဲ တိရစ္ဆာန် ပြိတ္တာ အပါယ်လေးပါး ဖြစ်လည်း ဧည့်သည်တွေပါပဲ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ပါရမီဖြည့်ခဲ့ရတာလည်း ဧည့်သည်ဆိုတာ သိသွားပြီ။ ဧည့်သည်ဆိုတာ ကိုယ့်အထုပ်ကိုယ်ဆွဲပြီး၊ ကိုယ့်အထုပ်ကိုယ်ထမ်းပြီး၊ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ပြီး ခရီးသွားနေကြရတာပါ။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးလည်း ဧည့်သည်ပါပဲ။ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးလည်း ဧည့်သည်ပါပဲ။

ကြည့်စမ်း ကြည့်စမ်း၊ အကုန်ကြည့်စမ်းပါ။ သတ္တဝါတွေ အားလုံးဟာ ဧည့်သည်တွေဆိုတာကို မြင်အောင် ဉာဏ်မျက်စိနဲ့ ကြည့်ကြစမ်းပါ။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများလည်း ဧည့်သည်ပါပဲ။ ရှင်သာမဏေကိုရင်တွေ၊ သီလရှင်တွေ၊ လူမျိုးစုတွေဟာလည်း ဧည့်သည်တွေ ဧည့်သည်တွေပါပဲ။

ကြည့်စမ်း၊ ကြိုက်တဲ့လူကြည့်လိုက်၊ မကြိုက်တဲ့လူကိုကြည့်လိုက်၊ သိသူ မသိသူတွေကို ကြည့်လိုက်စမ်းပါ။

မြင်သမျှတွေ အကုန်လုံးဟာ ဧည့်သည်တွေပါပဲ။ သတ္တဝါတိုင်း သံသရာခရီးသွားဧည့်သည်အနေနဲ့ သွားနေရတာ။ ကိုယ့်အထုပ်ကို ကိုယ်ကိုယ်တိုင်ဆွဲပြီး ကိုယ်သွားချင်ရာ သွားနေကြတာပါ။

အောင်မယ်လေး၊ လူ့ဘဝချမ်းသာတယ် ချမ်းသာတယ်ပြော။ ကိုယ့်အထုပ်လေးကို ဖြေစားနိုင်လို့သာပေါ့။ သံသရာခရီးသွား ကုသိုလ်ရိက္ခာထုပ်လေးပါလို့ တော်သေးတာပေါ့။

ကုသိုလ်အထုပ်မပါရင်လည်းပဲ ဆင်းရဲတာပါ။ ကုသိုလ်အထုပ်ပါရင်လည်း ဆင်းရဲတာပါပဲ။ ကုသိုလ်အထုပ်လေးပါတော့ ခရီးသွားရင်း စားရသောက်ရတာ နည်းနည်းပြေလည်ရုံလောက်တော့ ရှိတာပေါ့လေ။

ဧည့်သည်ပါကွယ်၊ တို့တစ်တွေ ဒီလူ့ဘဝဆိုတဲ့ ဒီအရပ်ကို ခဏလာနားတာပါ။ ဒီလူ့ဘဝ၊ ဒီရိပ်သာ၊ ဒီသစ်ပင်ကို ခဏလာနားတာပါ။ နေပူတုန်း ခဏလေးလောက် အရိပ်ရအောင် ဝင်ခိုရတာပါ။ သွားရဦးမှာ၊ ဧည့်သည်ဆိုတာ ခရီးဝေးကိုဆက်ပြီး သွားရဦးမှာ။

တစ်ဘဝတစ်ခဏဆိုတာ သစ်တစ်ပင်မှာခိုနားတယ်။ သောက်ရေအိုးစင် တွေ့တယ်၊ ခပ်သောက်တယ်။ ဟိုလူကလည်းအရိပ်ခို၊ ဒီလူကလည်းအရိပ်ခို၊ ဧည့်သည်ချင်းတွေ့ကြတော့ တစ်ယောက်နဲ့တစ်ယောက် ပြောကြ၊ ဆိုကြ စကားလက်ဆုံကျလို့ပေါ့။


ဘယ်အရပ်ကလဲ၊ ခရီးသွားမလို့လား၊ နေကောင်းရဲ့လား၊ ကျန်းမာရဲ့လားနဲ့ လူမှုရေးအရ ပြောရ၊ ဆိုရ၊ နေရ၊ ထိုင်ရတာတွေကို ကြည့်ကြည့်ပြီး သံဝေဂဉာဏ်ရလို့ ကိုယ့်ဘဝကို ဧည့်သည်ဘဝအနေနဲ့ မြင်စေချင်ပါတယ်။

သုံး၊ လေး၊ ငါးယောက် သစ်ပင်ရိပ်မှာ ရေသောက်ရင်း၊ အမောဖြေရင်း နေကြ၊ ထိုင်ကြ၊ ပြောကြ၊ ဆိုကြ၊ ကူညီကြ၊ ရိုင်းပင်းကြတာတွေဟာ မိသားတစ်စုရဲ့ လုပ်ရပ်တွေပေါ့။ မိသားတစ်စုရဲ့ ဖြစ်ရပ်တွေပေါ့။

ဒါကြောင့် တစ်ဦးနဲ့တစ်ဦး မိသားစုစိတ်ဓာတ်တွေ ရှိကြစမ်းပါ။ တစ်ဦးကိုတစ်ဦးက မိသားစုစိတ်ဓာတ်တွေ ရှိကြစမ်းပါ။ တစ်ဦးကိုတစ်ဦးက နားလည်ခွင့်လွှတ်မှု၊ သည်းခံမှု၊ စာနာမှုတွေနဲ့ ကူညီဖေးမစောင့်ရှောက်ကြပါ။ တစ်နိုင်ငံတည်းသာ မိသားစုစိတ်ဓာတ်ရှိစေချင်တာ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးကိုလည်း မိသားစုစိတ်ဓာတ်တွေ ရှိစေချင်တာပါ။

တကယ်တမ်းသာ သူလည်း ဧည့်သည်၊ ကိုယ်လည်းဧည့်သည်ဆိုတာကို သိနားလည်ကြပြီး တွေ့ခိုက် ကြုံခိုက် ဆုံခိုက် ခဏမှာ အစာလည်း လုမစား၊ ရေလည်း လုမသောက်၊ အရိပ်လည်း လုမနေ၊ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတွေကို လုယူမှုတွေ မရှိကြရင် တစ်ကမ္ဘာလုံး အေးချမ်းကြပြီပေါ့။ သူလည်း ဧည့်သည်၊ ကိုယ်လည်း ဧည့်သည် အားလုံးက ဧည့်သည်တွေချည်းပါပဲ။

ကိုယ့်မိသားစုတစ်စုမှာ အမေကလည်း ခရီးသွားဧည့်သည်၊ အဖေကလည်း ခရီးသွားဧည့်သည်၊ ညီအစ်ကိုမောင်နှမတွေကလည်း ခရီးသွားဧည့်သည်။



သူ့ခရီးသူသွားနေကြတာပါ။ သူ့ကံနဲ့သူလာ၊ သူ့အထုပ် သူဖြေစားပြီး မိသားစုသစ်ပင်ရိပ်မှာ ခဏနားကြတာပါ။ ပြီးရင် သူ့ခရီးကို ဒီလိုပဲ သူခရီးဆက်သွားဦးမှာပါ။

အဲဒီ သစ်ပင်ရိပ်က ထွက်တာနဲ့ ကိုယ်သွားချင်တဲ့လမ်းက အရှေ့၊ သူသွားချင်တဲ့လမ်းက အနောက်။ အရှေ့ အနောက် တောင်မြောက် အထက် အောက် အရပ်တွေကို ကိုယ့်ကံအထုပ်ကို ကိုယ်ဆွဲပြီး ကိုယ်သွားချင်ရာသွားကြတော့တာပါပဲ။

အထက်သွားမလား၊ အောက်သွားမလား၊ ဘေးသွားမလား၊ ရှေ့သွားမလား မသိကြပါဘူး။ "ကျွန်တော်သွားမယ့်ခရီး ခင်ဗျားလိုက်ခဲ့ဗျာ"လို့ ခေါ်လို့မရပါဘူးနော်။ "ခင်ဗျား သွားမယ့်ခရီး ကျွန်တော်လိုက်မယ်ဗျာ"လို့လည်း လိုက်လို့မရပါဘူး။ သူလိုက်ချင်ရင် သူ့သဘောနဲ့သူ ကြိုးစားလိုက်ပေ့ါ။ ကိုယ်သွားချင်ရင် ကိုယ့်သဘောနဲ့ကိုယ် ကြိုးစားသွားပေ့ါ။ သတ္တဝါတွေအားလုံးဟာ ခရီးသွားတွေ။ ဧည့်သည်တွေပါ။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဧည့်သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ဗုဒ္ဓအဂါရဝ

ကျွန်တော်တို့သည် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကို ယုံကြည်အားထားကြသူများ ဖြစ်ကြပေသည်။ ကျွန်တော်တို့ ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော၊ ဆိုဆို ကြံစည်ကြံစည် သာသနာတော်က ဖောင်းသပ်ပေးထားသော အပြစ်ရှိ- မရှိဟူသော ပေတံဖြင့် တိုင်းတာပြီး ချင့်ချင့်ချိန်ချိန် ပြုလုပ်တတ်ကြပေသည်။ ဘယ်အရာကိုမျှ လက်လွတ်စပယ် မလုပ်တတ်ကြချေ။

ဤသို့ဖြစ်သော် သာသနာတော် တည်တံ့ရေးသည် ကျွန်တော်တို့နှင့် လုံးဝဥဿုံ ဆက်စပ်ပတ်သက်နေသော တာဝန်ကြီးတစ်ခုပင်ဖြစ်လေသည်။ သာသနာတည်တံ့ပါမှလည်း ကျွန်တော်တို့ အားလုံးအလွန်အလိုရှိနေသော ချမ်းသာစစ်၊ ချမ်းသာမှန်ကြီးကို ဧကန်မုချ ရရှိကြမည်ဖြစ်သည်။

သာသနာတည်အောင်ဆောင်ရွက်ရာ၌ သာသနာတော် ဆုတ်ယုတ်ကွယ်ပနိုင်သည့် အချက်အလက်များကို ဦးစွာသိထားဖို့ လိုပေသေးသည်။ ဗုဒ္ဓဘာသာဝင်တိုင်းသိအောင် လေ့လာထားရမည့် အချက်အလက်များလည်းဖြစ်သည်။

ဗုဒ္ဓဘုရားရှင်က သာသနာကွယ်နိုင်၊ ဆုတ်ယုတ်ပျက်ပြားနိုင်သည့် အချက်အလက်များကို ဟောတော်မူခဲ့သည့်အထဲမှ ကျွန်တော်တို့နှင့် တိုက်ရိုက်ထိစပ်နေသော အချက်အလက်များကို လေ့လာထားပြီး အမြဲနှလုံးသွင်းထားရပေမည်။ ယင်းအချက်များကား-

၁။ ဗုဒ္ဓအဂါရဝ- ဘုရားကို မရိုသေမှု၊ ၂။ ဓမ္မအဂါရဝ- တရားကို မရိုသေမှု၊ ၃။ သံဃအဂါရဝ- သံဃာကို မရိုသေမှု၊ ၄။ သိက္ခာအဂါရဝ-စောင့်ထိန်းရမည့် သိက္ခာပုဒ်များအပေါ် မရိုသေမှုတို့ဖြစ်သည်။




ထိုအချက် လေးချက်လောက်ကို အမြဲနှလုံးသွင်းထားပြီး သတိ၊ ဝီရိယကြီးကြီးနှင့် ကျွန်တော်တို့ ရှောင်ကြဉ်ရပေမည်။ ထိုသို့ ရှောင်ကြဉ်သွားနိုင်လျှင် သာသနာတည်အောင် ပြုလုပ်ရာရောက်သည်သာမက "ဂါရဝေါစ၊ နိဝါတောစ"ဟူသော မင်္ဂလာကုသိုလ်ကြီးကိုပင် ဆည်းပူးပြီးသား ဖြစ်သွားနိုင်ပေသည်။

ထိုလေးချက်အနက် ပထမဆုံးသော ဗုဒ္ဓအဂါရဝ- ဘုရားကို မရိုသေမှုသည် ကျွန်တော်နှင့်နေ့စဉ်ကြုံနေရသော အချက်ကြီးဖြစ်ပေသည်။ အဘယ်ကြောင့်ဟူမူ ကျွန်တော်တို့အိမ်များ၌ ဘုရားကိုးကွယ်မှုရှိသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့အိမ်တွင် ဘုရားဆင်းတုတော် သို့မဟုတ် ဘုရားပုံတော်ကားချပ်များရှိတတ်ကြရာ ထိုဆင်းတုနှင့် ရုပ်ပုံကားချပ်များရှေ့တွင် ဂါရဝပျက်သော အမူအရာများ မပြုလုပ်ရချေ။

ဥပမာ – ဘုရားစင်ရှေ့တွင် ဒူးထောင်ပေါင်ကားနေမှု၊ ကိုးရိုးကားရား အိပ်မှု၊ ပုဆိုး၊ လုံချည် ထဘီ၊ အင်္ကျီစသည်များဝတ်မှု၊ ကြမ်းတမ်းသော စကားပြောဆိုမှု စသည်မှစ၍ မရိုသေရာ၊ ရိုင်းစိုင်းရာကျသည်မှန်သမျှကို ရှောင်ရပေမည်။ 'ဘုရားစင်ရှေ့ပါလား၊ ဘုရားရှင်ရှေ့ပါလား' ဟူသော သတိနှင့် အဂါရဝကျရာမှန်သမျှကို ထိန်းချုပ်ပစ်ရပေမည်။

ထို့ကြောင့်လည်း ရှေးရှေးသူတော်ကောင်းကြီးများသည် ဘုရားဆင်းတုတို့၊ ရုပ်ပုံကားချပ်တို့ အိမ်မှာရှိလျှင် လိုက်ကာ(ကုလားကာ) လေးကာရံ၍ ရိုရိုသေသေကိုးကွယ်ကြလေသည်။ အကြောင်းမှာ အထက်ဖော်ပြပါ မရိုမသေမှုများကို မတော်တဆပြုမိပါက အပြစ်မရရှိအောင် ဖြစ်လေသည်။

အလားတူစွာ ဘုရားရှင်ပြင်တို့၊ ဘုရားရုပ်ပွားတော်တို့ရှေ့ ရောက်သည့်အခါလည်း ဦးထုပ်ချွတ်မှု၊ ထီးပိတ်မှု၊ ခေါင်းပေါင်းချွတ်မှု စသည့်တို့ကို ပြုရမည့်အပြင် လုံချည်၊ အင်္ကျီဝတ်ခြင်း စသည်မှလည်း ရှောင်ရပေမည်။

အချုပ်မှာ အရိုသေတန်ရာ ကျရာမှန်သမျှ ရှောင်ကြဉ်ပြီး ရိုရိုသေသေ၊ ကိုင်းကိုင်းရှိုင်းရှိုင်း ပြုလုပ်သွားခြင်းဖြင့် ဗုဒ္ဓအဂါရဝဟူသော သာသနာဆုတ်ယုတ်မှုကြီးကို သတိနှင့် ရှောင်ကြဉ်သွားရင်း သာသနာတည်တံ့မှုကို ပြုလုပ်သွားသင့်ပေသည်။

# ကျောက်ဆည်ခရိုင်၌ နနွင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ နနွင်းဖူးများဈေးကောင်းရ

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး စားဖိုဆောင် သီးနှံတစ်မျိုးဖြစ်သော နနွင်းကိုလည်း စိုက်ပျိုးကြကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၈၄၃ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၂၆ ဧက၊ မြစ်သားမြို့နယ်၌ ၁၀၄၆ ဧက စုစုပေါင်း ၁၉၁၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



နနွင်းကို ဇွန်လနှင့် ဇူလိုင်လများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ထွက်ပေါ်ကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၁ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် နနွင်း ပိဿာချိန် ၈၀၀ ခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စအချိန်တွင် နနွင်းတက် တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် နနွင်းများကို ဒေသတွင်းရောင်းချမှုအပြင် ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း၊ တစ်ဧကလျှင် ငွေကျပ် ၃၂ သိန်းခန့် အမြတ်ရရှိကြောင်း၊ ယခုအချိန်တွင် နနွင်းဖူးများ စတင်ထွက်ပေါ်နေပြီဖြစ်ရာ နနွင်းအဖူး ၁၀၀ လျှင် လက်ကားဈေး ငွေကျပ် ၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နနွင်းစိုက်ပျိုးခြင်းသည် နနွင်းတက်များသာမက နနွင်းဖူးများပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိ၍ အဆင်ပြေလျက်ရှိပြီး နနွင်းစိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



# ကျောက်ဆည်ခရိုင်၌ ပြောင်းဖူးများ စတင်ထွက်ပေါ်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ စားသုံးမှုများပြားသော ပြောင်းဖူးသီးနှံကို ၂၀၂၄ ခုနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၁၁၉၂ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၁၄၀၀၊ မြစ်သားမြို့နယ်၌ ၁၈၇၃ ဧက စုစုပေါင်း ၄၄၆၅ ဧက စိုက်ပျိုးခဲ့ကြောင်း၊ ယခုအချိန်တွင် ပြောင်းဖူးသီးနှံများ ရိတ်သိမ်းလျက်ရှိရာ စဉ့်ကိုင်မြို့နယ်တွင် ၁၀၃၄ ဧက၊ မြစ်သားမြို့နယ်တွင် ၃၆၂ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပြောင်းဖူးသီးနှံကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် စတင်ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး မျိုးအနေဖြင့် သကြားပြောင်းမျိုးနှင့် ရှမ်းပြောင်းမျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၆၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၄၀၀၀ ခန့် ထွက်ရှိပြီး ပြောင်းဖူးတစ်ဖူးလျှင် လက်ကားဈေးငွေကျပ် ၃၀၀ နှုန်းဖြင့် စိုက်ခင်းအထိ လာရောက်ဝယ်ယူကြသည့် ကုန်စိမ်းပွဲစားများသို့ ရောင်းချကြသည့်အပြင် ကျောက်ဆည်မြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့လည်း တင်ပို့ရောင်းချကြောင်း၊ တစ်ဧကလျှင် ငွေကျပ် ၉၄၀၀၀၀ ခန့် အမြတ်ရရှိပြီး ယခုနှစ်တွင် ပြောင်းဖူးဈေးနှုန်း ကောင်းမွန်သည့်အတွက် တောင်သူများ အကျိုးအမြတ်ရရှိကြကြောင်း သိရသည်။

# မကွေးမြို့နယ် ဝါးတောချောင်ကျေးရွာ၌ ရွှေဖရုံသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**မကွေး အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဝါးတောချောင်ကျေးရွာတွင် နှမ်းနှင့် ပဲမျိုးစုံသီးနှံများကို အဓိကစိုက်ပျိုးကြပြီး ဟင်းသီးဟင်းရွက်သီးနှံများလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိရာ ရွှေဖရုံသီး ခြောက်ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

**အမြတ်ရရှိ**

ရွှေဖရုံသီးကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် အသီးရင့်မှည့်ကာ ခူးဆွတ်နိုင်ကြောင်း၊ မျိုးအနေဖြင့် အလုံးပြားရွှေဖရုံသီးမျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၁၀၀ ဂရမ်ပါ ၁၆ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ပေခွဲအကွာ ကျင်းများတူး၍ အစေ့ချစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၆ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် အလုံးရေ ၁၀၀၀-၁၅၀၀ ခန့် ထွက်ရှိပြီး အောက်တိုဘာလ တတိယပတ်တွင် ရွှေဖရုံသီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၃၀၀၀-၄၀၀၀ ဖြင့် ရောင်းချရသဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၄ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် လက်လီလက်ကားကုန်စိမ်းသည်များက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး မကွေးမြို့ပေါ်တွင် ပြန်လည်ရောင်းချကြကြောင်း၊ ရွှေဖရုံသီးပင်များ စိုက်ပျိုးခြင်းဖြင့် အသီးများသာမက အညွန့်(အရွက်) များပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိပြီး ယခုနှစ်တွင် ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

**၂၃-၁၀-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | ၁၀၂၄၇ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၅၀၀၀၀ | ၄၅၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၈၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၅၅၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၇၁၈၅ | ၁၇၀၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၂၁၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၅၅၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၀၈၅ | ၁၂၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၄၅၀၀ | ၃၆၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၇၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၁၅၀၀ | ၈၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၉၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၆၆၅၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၉၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၄၀၀ | | ၅၁၀၀ | ၂၂၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၅၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၄၅၀၀ | ၇၃၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၂၆၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၁၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၉၅၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၈၀ | ၁၂၅၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၈၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၆၀၀ | ၉၅၀၀ | ၇၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | | ၁၈၀၀၀ |





## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၇၃)၊ အကျယ်အဝန်း(အလျား ၄၀ပေ x အနံ ၆၀ပေ)၊ အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချိန်(၈)လမ်းနှင့်သုခမလမ်းထောင့်၊ အမှတ်(၇၃)ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူ**ဒေါ်လင်ဂျင်ဟင်(ခ)ဒေါ်အေးအေးမြင့် [၁၂/လမတ(ဧည့်)၀၀၀၄၁၀]**အမည်ပေါက်ကြောင်း၊ ရောင်းချခြင်းဖြင့်စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဟော်နန်းစံ [၉/မကန(နိုင်)၁၂၈၈၈၃]**မှ အပြီးအပိုင် ဝယ်ယူရန်ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်စုစုငြိမ်း LL.B.,D.B.L, D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့်စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ | ၃၀၀၀၀၀ ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၄–၁၀–၂၀၂၄ ရက်နေ့မှစ၍ရောင်းချမည်ဖြစ်ပြီး ၃၀–၁၀–၂၀၂၄ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၀၁–၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀) ကံဘဲ့မြေကွက်အမှတ်(၁၃/က)၊ ဧရိယာ(၀.၁၀၀)ဧကဟု ခေါ်တွင်သောနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၇/က)၊ အင်းယားရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အဆောက်အဦနှင့်ပတ်သက်၍ အများပြည်သူသိရှိစေရန် ကန့်ကွက်ခြင်း ခေါင်းစဉ်ဖြင့်(၁)ဦးလွင်မြင့် [၇/ကဝတ(နိုင်)၀၉၂၉၀၉]နှင့် (၂)ဒေါ်ခင်ဦးမြင့်[၁၂/မရက(နိုင်)၀၆၈၅၆၈] ကိုင်ဆောင်သူတို့၏ကြေးမုံသတင်းစာ၌ (၁၄–၈–၂၀၂၄) ရက်စွဲပါ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်း ကြေညာခြင်း

၁။ အထက်ဖော်ပြပါလိပ်စာရှိမြေ၏ပိုင်ရှင် ဖခင်ဦးစံမြင့်သည်အသက်(၉၂) အရွယ်ဖြင့် သက်ရှိထင်ရှားရှိနေပြီးဖခင်ဦးစံမြင့်သည် မိမိ၏လွတ်လပ်သောဆန္ဒအရရင်းသက်ရှိထင်ရှားရှိနေပြီး ကျန်းမာရေးကောင်းမွန်စွာရှိနေစဉ် (၂၀၀၄)ခုနှစ်တွင် ဖော်ပြပါမြေကွက် နှင့်နေအိမ်အားမြေးဖြစ်သူ (၅)ဦးကိုမေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်ပေးအပ်ပြီးဖြစ်သည့်အတွက် အထက်ဖော်ပြပါ မြေနှင့်အိမ်သည် ဦးစံမြင့် ပိုင်ဆိုင်သည့် အိမ်ခြံမြေမဟုတ်တော့ဘဲ မြေးဖြစ်သူ မောင်သတ္တိနိုင်အပါအဝင် (၅)ဦးတို့၏ အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန်တွင် ဥပဒေနှင့်အညီ အမည်လွှဲပြောင်းပြီးဖြစ်ပါသည်။ ထိုအကြောင်းအရာအပေါ် ဦးစံမြင့်၏သားသမီးများဖြစ်သည့်(၁)ဒေါ်ဝေဝေမြင့်(၂)ဦးလွင်မြင့် (၃)ဒေါ်ခင်ဦးမြင့် (ယခုနယူးဇီလန်နိုင်ငံတွင် နေထိုင်သူ) (၄)ဦးနိုင်မြင့်(၅)ဒေါ်ချို့နွယ်မြင့်တို့အားလုံး သိရှိပြီးဖြစ်ပါသည်။

၂။ ၎င်းတို့(၂)ဦး၏သတင်းစာကြေညာတွင် အစ်မကြီးဖြစ်သူ ဒေါ်ဝေဝေမြင့်၏ အမည်အား ခွင့်ပြုချက်မရယူဘဲ ထည့်သွင်းကြေညာခြင်းအပေါ် ကန့်ကွက်ပါကြောင်းနှင့် ၁။ ဒေါ်ဝေဝေမြင့် ၂။ဦးနိုင်မြင့်၃။ဒေါ်ချို့နွယ်မြင့်တို့ အပေါ်မမှန်မကန်စွပ်စွဲဖော်ပြကြေညာခဲ့သည့် (၁) ဦးလွင်မြင့်၊ (၂) ဒေါ်ခင်ဦးမြင့်တို့၏ ကြေညာချက်များသည် မှန်ကန်ခြင်းမရှိပါကြောင်းပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ ၎င်းတို့(၂)ဦး၏ မမှန်မကန်သည့်စွပ်စွဲချက်ကြောင့် (၁)ဒေါ်ဝေဝေမြင့်၊ (၂)ဦးနိုင်မြင့်၊ (၃) ဒေါ်ချို့နွယ်မြင့်တို့၏ ဂုဏ်သိက္ခာကျဆင်းစေသည့်အပြင် အနှောင့်အယှက်ဖြစ်စေသည့်အတွက် ထပ်မံပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(၁)ဦးစံမြင့်(၂)ဦးနိုင်မြင့်(၃)ဒေါ်ချို့နွယ်မြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းဇော်(LL.B,D.B.L,WIPO) ဒေါ်ရည်မွန်အောင်(LL.B,D.B.L,D.I.L,WIPO)**
**(စဉ်–၁၂၇၇၃) (စဉ်–၁၃၈၃၉)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၆၈၈)၊ စိန်တစ်ပွင့်လမ်း၊ (ဒ–၆၃/၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၀၀၃၄၃၆၃၊ ၀၉–၄၂၀၀၃၃၈၂၆**

## တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်အတွက် ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်ကို ၉–၁၁–၂၀၂၄ရက်မှ ၁၅–၁၁–၂၀၂၄ ရက်အထိ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါလုပ်ငန်း(၃)မျိုးအတွက် လေလံလျှောက်လွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) ဈေးဆိုင်ခန်းများ၊ ပျံကျဈေးနှင့် လက်ပွေ့ဈေးသည်များ လုပ်ငန်း
(ခ) ချားရဟတ်ကွင်းနှင့် ကလေးကစားကွင်းလုပ်ငန်း
(ဂ) ယာဉ်ရပ်နားစခန်းလုပ်ငန်း(၁)၊(၂)၊(၃)၊(၄)

၂။ လေလံလျှောက်လွှာစတင် ရောင်းချမည့်ရက် – ၂၃–၁၀–၂၀၂၄ရက်(ရုံးချိန်အတွင်း)
၃။ လေလံလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန် – ၃၀–၁၀–၂၀၂၄ရက်(၁၆:၃၀နာရီ)
၄။ လေလံလျှောက်လွှာစတင် ရောင်းချမည့်နေရာနှင့် လေလံတင်သွင်းရမည့်နေရာ – ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်း ကော်မတီရုံး
၅။ လေလံဖွင့်လှစ်မည့်ရက် အချိန်နှင့်နေရာ – ၃၁–၁၀–၂၀၂၄ရက်(၉ : ၃၀ နာရီ) ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)

၆။ လေလံလျှောက်လွှာတင်သွင်းသူများသည် သတ်မှတ်ရက်၊ သတ်မှတ်ချိန်အတွင်း လာရောက်တင်သွင်းရန်နှင့် ၎င်းနေ့ရက်၊ အချိန်ထက်နောက်ကျ၍ တင်သွင်းလာသော လေလံလျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။ လေလံလျှောက်လွှာနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး၊ ဖုန်း–၀၉–၂၀၀၄၄၀၅၊ ၀၉–၂၅၀၉၆၄၇၅၂၊ ၀၉–၂၆၀၀၂၇၈၀၉ အား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ကြက်ရုံးလေးကျေးရွာနေ ဦးတောကျော်၏သမီး ကျွန်မ မသင်းမူ [၈/အလန(နိုင်)၂၀၃၅၅၀] ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME–712239 ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်–

**ဖုန်း–၀၉–၅၀၁၄၇၃၄**

## “အများသိစေရန်အသိပေးကြေညာချက်”

ENJOY WORKS MYANKOR COMPANY LIMITED (REGISTRATION NUMBER–139618793) မှ (၄–၁၀–၂၀၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့အစည်းဝေးမှတ်တမ်းအရ ကုမ္ပဏီတွင် ပါဝင်သော ဒါရိုက်တာအားလုံး သဘောတူညီချက်အရ ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအားလုံးကို ခေတ္တရပ်ဆိုင်းထားကြောင်းနှင့် လုပ်ငန်းပြန်လည် ဆောင်ရွက်မည်ဆိုပါက ဒါရိုက်တာများမှ သတင်းစာတွင်ပြန်လည်ထည့်သွင်းကြေညာမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဒါရိုက်တာများ**
**ENJOY WORKS MYANKOR COMPANY LIMITED**

## လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးထက်အောင်[၁၂/ရပသ(နိုင်)၀၇၀၉၉၅] ကိုင်ဆောင်သူနှင့် ဒေါ်ပေရာယ်ဖူး [၁၂/ရပသ(နိုင်)၁၃၁၂၆၃]ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့သဖြင့် အကြင်လင်မယားအဖြစ်မှ (၁၆–၈–၂၀၂၄)ရက်စွဲပါ “နှစ်ဦး သဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်”ဖြင့် နှစ်ဦးသဘောတူကွာရှင်း ပြတ်စဲပြီးဖြစ်ကြောင်းနှင့် ယနေ့မှစ၍ ဦးမျိုးထက်အောင်နှင့် ဒေါ်ပေရာယ်ဖူးတို့ကြား၌ တစ်ဦးနှင့်တစ်ဦး လူမှုရေး ကိစ္စရပ်များ၊ ငွေကြေးကိစ္စရပ်များတွင် ပတ်သက်မှုတစ်စုံတစ်ရာမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးမျိုးထက်အောင် | ဒေါ်ခင်မာလွင်(LL.B.,D.B.L) |
| [၁၂/ရပသ(နိုင်)၀၇၀၉၉၅] | တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂) |
| အမှတ်–၂၂၈(က)၊ ဝင်္ကပါခြံ(၃)လမ်း၊ | အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ |
| (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ | (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ |
| ရန်ကုန်တိုင်းဒေသကြီး။ | ဖုန်း–၀၉–၅၁၈၉၉၆၈၉ |

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် နှစ်ဦးပိုင်ပစ္စည်းများ ခွဲဝေပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသော ဦးကျော်မျိုးထွဋ် (ဘ) ဦးတင်ထွဋ်စိုး [၁၂/မရက(နိုင်) ၁၆၀၀၅၉]နှင့် ဒေါ်မြတ်ချောစု (ဘ) ဦးမြထွန်း [၁၀/မလမ (နိုင်) ၂၃၈၅၀၇]တို့သည် (၈–၁၀–၂၀၂၄)ရက်နေ့တွင် နှစ်ဖက်သော ဂုဏ်သရေရှိ အသိသက်သေများ၏ ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပြီး “နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း သဘောတူကတိစာချုပ်” ကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသဖြင့် ဦးကျော်မျိုးထွဋ်နှင့် ဒေါ်မြတ်ချောစု ကွာရှင်းပြီးသည့် အချိန်မှစ၍ ယနေ့အချိန်ထိ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင် နှစ်ဦးသဘောတူ ပစ္စည်းခန်းခွဲဝေမှုအရ အမှတ်(၆၂)၊ မာလာမြိုင်(၆)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ပဥ္စမထပ်၊ ခြေရင်းဘက်ခြမ်း၊ အကျယ်အဝန်း(အလျား ၁၂.၅ပေXအနံ၅၀ပေ)၊ (၆)လွှာ တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်များကို ဒေါ်မြတ်ချောစုက ခွဲဝေရရှိပြီး လက်ဝယ်ရရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး ၎င်းတစ်ဦးတည်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါကြောင်းနှင့် ဒေါ်မြတ်ချောစု၏ သဘောတူ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦး တစ်ယောက်မျှ ရောင်းချ/ပေါင်နှံ/ စွန့်လွှတ်/ လှူဒါန်းခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် ကြိုတင်ကန့်ကွက်ပါကြောင်းနှင့် ထိုသို့ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်ချောစု၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင်(LL.B,LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၉၁၁၁၆၄**

# ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အဖွင့်ပွဲစဉ်သုံးပွဲဆက် ပေးဂိုးမရှိနိုင်ပွဲရရှိခဲ့တဲ့ ပထမဆုံးအသင်းအဖြစ် အက်စ်တွန်ဗီလာအသင်း မှတ်တမ်းဝင်ခဲ့

၂၀၂၄–၂၀၂၅ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၃)အဖြစ် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်တွေထဲမှာ အက်စ်တွန်ဗီလာအသင်းက ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ယခုချန်ပီယံလိဂ်ပြိုင်ပွဲမှာ သုံးပွဲဆက်နိုင်ပွဲရရှိခဲ့တဲ့ ပထမဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းနဲ့ ဘိုလော့ဂ်နာအသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ဒုတိယပိုင်း ၅၅ မိနစ်မှာ မက်ဂင်ကတစ်ဂိုး၊ ၆၄ မိနစ်မှာ ဒူရန်ကတစ်ဂိုး သွင်းယူပေးခဲ့လို့ အက်စ်တွန်ဗီလာအသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။



အက်စ်တွန်ဗီလာအသင်းနှင့် ဘိုလော့ဂ်နာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဒါကြောင့် အက်စ်တွန်ဗီလာအသင်းဟာ ၂၀၁၂–၂၀၁၃ ဘောလုံးရာသီက မာလာဂါအသင်းနဲ့ ၂၀၁၆–၂၀၁၇ ဘောလုံးရာသီက လက်စတာစီးတီးအသင်းတို့နောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အဖွင့်ပွဲစဉ်သုံးပွဲစလုံး ပေးဂိုးမရှိဘဲ အနိုင်ရရှိခဲ့တဲ့ ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ ဒါ့အပြင် အက်စ်တွန်ဗီလာအသင်းဟာ ချန်ပီယံလိဂ်အမှတ်ပေးဇယားမှာ ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်(၃)ရဲ့ အခြားသောပွဲစဉ်တွေမှာတော့ အေစီမီလန်အသင်းက ကလပ်ဘရုဂ်ျအသင်းကို သုံးဂိုး–တစ်ဂိုး၊ မိုနာကိုအသင်းက ရက်ဒ်စတားအသင်းကို ငါးဂိုး–တစ်ဂိုး၊ အာဆင်နယ်အသင်းက ရှက်တာဒိုးနက်စ်ခ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ဂျီရိုနာအသင်းက ဆလိုဗန်အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ စတုဂတ်အသင်းက ဂျူဗင်တပ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ရီးယဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းကို ငါးဂိုး–နှစ်ဂိုး၊ စပို့တင်းအသင်းက စတမ်းအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပီအက်စ်ဂျီအသင်းနဲ့ ပီအက်စ်ဗွီအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၃-၁၀-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၆၆၅။ | ဦးဝင်းဇော်နှင့်ဇနီး ဒေါ်ဝေဇာနိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၉၆၆၆။ | ဦးရန်တန်းရှင်မိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၆၆၇။ | စစ်တက္ကသိုလ်အမှတ်စဉ်(၆၆)မှ ဗိုလ်လောင်းများကောင်းမှု | ၈၀၀၀၀၀ |
| ၉၆၆၈။ | ဦးအုန်းပိုင်နှင့်ဇနီး ဒေါ်မာမာအေး၊ (သမီး)မရှယ်ရတနာဦး မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၆၆၉။ | ကွယ်လွန်သူဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)အားရည်စူး၍ ပင်မဆက်သွယ်ရေးအလုပ်ရုံမှ တပည့်များကောင်းမှု | ၂၀၀၀၀၀ |
| ၉၆၇၀။ | ကွယ်လွန်သူဗိုလ်ကြီးနိုင်ဝင်းနှင့် ဒေါ်မြင့်မြင့်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၆၇၁။ | ဒေါက်တာအောင်ကြီးနှင့်ဝန်ထမ်းမိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၉၆၇၂။ | ဦးမင်းမင်းနှင့်ဇနီး ဒေါ်စောမြင့်ကြူ မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၆၇၃။ | ကိုကျော်ငွေနှင့်ဇနီး မထက်ထက်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၆၇၄။ | ဦးအောင်ငြိမ်းနှင့်ဇနီး ဒေါ်သောင်းရင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၅။ | ဆရာမဒေါ်ခင်ခင်မူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၆။ | ဦးတင်မြိုင်နှင့်ဇနီး ဒေါ်တင်ဟန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၇။ | ကွယ်လွန်သူဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)အားရည်စူး၍ ဇနီးဒေါ်ခင်စိုးသိန်း၊ (သား)ဒုတိယဗိုလ်မှူးကြီးဇင်လှိုင်မျိုး နှင့်ဇနီး ဒေါ်တင်နီလာဝင်း၊ ဒုတိယဗိုလ်မှူးကြီးညီညီနိုင် နှင့်ဇနီး ဒေါ်နှင်းသန္တာစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၈။ | ဦးအောင်ရဲထွဋ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၉။ | ဦးခင်မောင်ဦးနှင့်ဇနီး ဒေါ်ရင်ကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၀။ | ဦးခင်အေးနှင့်ဇနီး ဒေါ်စုစုနွယ်၊ (သမီး)မသူသူနွယ်အေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၁။ | ကိုချမ်း၊ ကိုထက်၊ ကိုခန့်၊ မမို၊ ကိုစွမ်း မောင်နှမတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၂။ | ဦးရန်အောင်နှင့်ဇနီး ဒေါ်ဝင်းဝင်းမော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၆၈၃။ | ဗိုလ်မှူးကြီးစိန်လှမြင့်နှင့်ဇနီး ဒေါ်ခင်စန်းရွှေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၄။ | ဦးမောင်စံနှင့်ဇနီး ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၅။ | ကွယ်လွန်သူဒေါ်သိင်္ဂီလွင်အားရည်စူး၍ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၆။ | ဦးထွန်းရွှေမိသားစုကောင်းမှု | ၈၀၀၀၀ |
| ၉၆၈၇။ | ဦးစိုးကြည်နှင့်ဇနီး ဒေါ်အေးပို မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၆၈၈။ | ဦးသိန်းငွေနှင့်ဇနီး ဒေါ်ဆွေဆွေဇင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၈၉။ | ဒေါ်မြမြသန်း၊ (သမီး)မစန္ဒာစိုးဝင်း၊ (မြေး)မချမ်းမြခ္ခာညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၀။ | ဦးအေးကိုနှင့်ဇနီး ဒေါ်ခင်သန်းစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၁။ | ဒေါ်ခင်မွှေးမွှေးစိန်၊ (သား)မောင်ပြေပိုင်ထက် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၂။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးပြည်စိုးထိုက်နှင့်ဇနီး မခင်သစ္စာ၊ (သား)မောင်ခန့်ဘုန်းထွဋ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၃။ | ဦးကောင်းခန့်ကိုနှင့်ဇနီး ဒေါ်ဖြူဖြူသင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၄။ | အဘွားဒေါ်သန်းညွန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၅။ | ဒေါ်ဝင်းကြည်နှင့် ညီမများကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၆။ | ဦးတင်မောင်ဆွေနှင့်ဇနီး ဒေါ်အေးသောင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၇။ | မနှင်းနှင်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၈။ | ဦးထွန်းနိုင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၉။ | ဦးဝင်းဇော်နှင့်ဇနီး ဒေါ်ခင်စန္ဒီထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၀။ | ဦးဝင်းမင်းမင်းနိုင်နှင့်ဇနီး ဒေါ်ဝေဝေလွင်၊ (သမီး)မမိုးပြည့်ပြည့်မင်း မိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၇၀၁။ | ဗိုလ်မှူးချုပ်သိန်းထူးနှင့်ဇနီး ဒေါက်တာဒေါ်အေးစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၂။ | ဦးထွန်းလင်းနှင့်ဇနီး ဒေါ်ဆွေဆွေဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၃။ | ကွယ်လွန်သူမိခင်ဒေါ်မြင့်မြင့်အားရည်စူး၍ ဒေါ်အေးအေးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၄။ | ဦးကိုကိုလတ်နှင့်ဇနီး ဒေါ်လွင်လွင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၅။ | ကွယ်လွန်သူဒေါ်ဝင်းကြည်အားရည်စူး၍ ဦးစောမောင်နှင့်ဇနီး ဒေါ်မျိုးတင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၆။ | ဦးအောင်မြင့်မြတ်နှင့်ဇနီး ဒေါ်နွေဇင်မာ၊ (သမီး)မကေသရီမြင့်မြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၇။ | ကိုတင်ထက်လင်းနှင့်ဇနီး မကြည်ပြာအောင်မျိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၈။ | ကွယ်လွန်သူ ဘိုးဘိုးကြီးဦးသိန်းတင်အားရည်စူး၍ ကိုသော်ဇင်နှင့်ဇနီး မဖြိုးသီရိဝင်း၊ (သား)မောင်သူရဘုန်းဉာဏ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၉။ | ဦးဗိုလ်ဟိန်းနှင့်ဇနီး ဒေါ်မိုးသဉ္ဇာဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၀။ | ဦးအောင်မြတ်မင်းနှင့်ဇနီး ဒေါ်ညိုမီအောင်၊ (သား)မောင်မြတ်ကိုကိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၁။ | ဦးကြည်စောနှင့်ဇနီး ဒေါ်မီမီမောင်ထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၂။ | ဦးမျိုးမျိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၃။ | ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ဝိုင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၄။ | ဦးသက်မြင့်နှင့်ဇနီး ဒေါ်ကလျာမင်းမင်းထွန်း၊ (သမီး)မစန္ဒီသက်မြတ်၊ မမြမှူးခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၅။ | ကွယ်လွန်သူဒေါက်တာလှဟန်နှင့်ဇနီး ဒေါ်အုန်းမေ၊ ဒေါ်ပြုံးချိုတို့အားရည်စူး၍ ဦးတင်မောင်မြင့်နှင့်ဇနီး ဒေါ်ခင်မာရင်၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၆။ | ကွယ်လွန်သူဗိုလ်ကြီးသန့်ညီညီ(ခ)သန်းရှိန်ညီညီအား ရည်စူး၍ ဦးခင်မောင်ရည်နှင့်ဇနီး ဒေါ်နီနီရှိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၇။ | ကိုမျိုးဆွေဦးနှင့်ဇနီး မမြသဇင်ခိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ယောမင်းကြီးအိမ်ရာ၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၀၀၁) အား မူလအမည်ပေါက် ဒေါ်တင်စန်း[၁၂/သဃက(နိုင်)၀၀၉၂၂၁]မှ သမီးဖြစ်သူ ဒေါ်သဲသဲလှိုင်မြင့် [၁၂/သဃက(နိုင်)၀၄၀၁၆၃] အား မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခဲ့ပြီးဖြစ်၍ တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့်တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Housing Project၊ တိုက်အမှတ်(၄/၄)၊ အခန်းအမှတ် (၂၃)အား မူလအမည်ပေါက် ဦးလှသိန်း [၇/ပခန(နိုင်)၀၈၅၅၆၂]ထံမှ ဦးဝင်းမြင့် [၈/မကန(နိုင်)၀၂၂၁၈၄]က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့်တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ ပြည့်စုံအောင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade 12 မှ မောင်အောင်ကောင်းပိုင်နှင့် မောင်အောင်ကောင်းမြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွေး [၉/မထလ (နိုင်) ၂၄၈၄၆၈]ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ ပြည့်စုံအောင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade12မှ မစန္ဒီထွန်း၏ဖခင်အမည်မှန်မှာ ဦးဟံထွန်း[၉/မထလ(နိုင်)၁၁၂၄၃၀]ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ ပြည့်စုံအောင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade 12 မှ မတင့်တင့်ထွေး၏ ဖခင်အမည်မှန်မှာ ဦးအေးချို [၉/တသန (နိုင်) ၀၆၅၅၉၅] ဖြစ်ပါကြောင်း။

## သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကျောက်မော်ရပ်၊ မြိတ်လမ်း၊ အမှတ် (၆/က)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝင်း (ဘ) ဦးအောင်ကျော်၊ မှတ်ပုံတင်အမှတ် [၆/ထဝန(နိုင်) ၀၇၄၆၄၇] ကိုင်ဆောင်သူ၏ သမီးများဖြစ်ကြသော မခင်မိုးဦး (ဘ) ဦးမိုးနိုင်၊ မှတ်ပုံတင်အမှတ် [၆/ထဝန(နိုင်) ၁၂၄၅၇၅] ကိုင်ဆောင်သူနှင့် မဇင်မီထက် (ဘ) ဦးမိုးနိုင်၊ မှတ်ပုံတင်အမှတ် [၆/ထဝန(နိုင်) ၁၃၂၄၅၂]ကိုင်ဆောင်သူတို့သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေသည့် ကိစ္စရပ်များအား ပြုလုပ်နေသည့်အပြင် မိသားစုဂုဏ်သိက္ခာကို ထိခိုက်စေသည့်ကိစ္စရပ်များအား ပြုမူဆောင်ရွက်ခဲ့သဖြင့် ၎င်းတို့၏အပြစ်များကို သည်းခံခွင့်လွှတ်နိုင်ခြင်းမရှိတော့သည့်အတွက် အမွေစားအမွေခံသမီးများအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင်တွင် ၎င်းတို့နှင့်ပတ်သက်သောကိစ္စအဝဝတို့ကိုလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ၎င်းတို့၏ ပြဿနာအရှုပ်အရှင်းများသည်လည်း မိမိနှင့် သက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေလင်းထွန်း အထက်တန်းရှေ့နေ (စဉ်–၅၀၉၅၅)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ မောင်လွင်မိုး (ဘ) ဦးမောင်မောင်အေး [၁၃/ကခန(နိုင်) ၁၀၉၆၈၀] ကိုင်ဆောင်ထားသူသည် ဦးစောဝေ [၁၂/ဥကမ(နိုင်) ၁၅၂၁၈၇] (ဘ) ဦးတိုင်ဟွန်ဘွန် ပိုင်ဆိုင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေသံလွင်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၁၁၂)၊ ဧရိယာအကျယ်အဝန်း (၂.၂၉)ဧကရှိသော ပါမစ်မြေနှင့်ပတ်သက်၍ ဝယ်ယူခြင်းမရှိ၊ ပတ်သက်မှုလည်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်လွင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုလှိုင်(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်–၄၆၂၄၃) (၃၀–၇–၂၀၁၅)**
**အမှတ်(၈)၊ Block–(၄၃)၊ နဝဒေးဥယျာဉ်အိမ်ရာ၊**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၆၂၇၆၀၀၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ်– ၅၅၉/က၊ အကျယ်အဝန်း (၁၀x ၆၀)ပေရှိ အိမ်ခြံမြေနှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကွယ်လွန်သူ ဦးလှသက် [၁၂/အလန(နိုင်) ၀၀၈၁၂၇]၏ အမည်ပေါက်မြေချပါမစ်ကို ဦးလှသက်၏ညီမဖြစ်သူ ဒေါ်ကျင်သိန်း [၁၂/အလန(နိုင်) ၀၀၈၂၂၉]က တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြလျက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးပြည့်ချမ်းအောင်က အပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ချမ်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးစိုးတင့် ဒေါ်ခင်မိုးသူ**
**အထက်တန်းရှေ့နေ(စဉ်– ၃၆၀၈၆) တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၅၂၁/၂၀၁၂)**
**၀၉–၇၉၃၅၉၆၆၄၅**

## ညီမအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း သက်ဆိုင်သူနှင့် အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ကူးတို့ဆိပ်အုပ်စု၊ ကူးတို့ဆိပ်ကျေးရွာနေ ဒေါ်အေးမြင့်ခိုင် [၁၄/ဇလန(နိုင်) ၁၅၅၆၇၅] ကိုင်ဆောင်သူ (ဘ) ဦးကျော်ရွှေ (မိ)ဒေါ်စန်းစန်းအေးတို့၏ သမီးအကြီးဆုံး (ယခုစင်ကာပူတွင် ခေတ္တနေထိုင်လျက်ရှိသူ)မှ အောက်ပါအတိုင်း လွှဲအပ်ကြေညာသည်မှာ–

၎င်း၏ညီမဖြစ်သူ ဒေါ်နှင်းဝါခိုင် (ဘ) ဦးကျော်ရွှေ (မိ) ဒေါ်စန်းစန်းအေးမှ အစ်မဖြစ်သူ ဒေါ်အေးမြင့်ခိုင်၏ ဂုဏ်သိက္ခာကိုထိခိုက်ပြီး ဆဲရေးတိုင်းထွာပြောဆိုခြင်း၊ ဒေါ်အေးမြင့်ခိုင်၏ အိမ်ထောင်ရေးပြိုကွဲစေရန်ရည်ရွယ်၍ မဟုတ်မမှန်လုပ်ကြံပြောဆိုခြင်း၊ ဒေါ်အေးမြင့်ခိုင်၏ ချွေးနှဲစာ ရွှေငွေများကိုလည်း ဒေါ်အေးမြင့်ခိုင်၏ ခွင့်ပြုချက်မရရှိဘဲ ယူဆောင်ရောင်းစားခဲ့ခြင်း၊ ဒေါ်အေးမြင့်ခိုင်နှင့်ပတ်သက်သည့် မိတ်ဆွေများထံသို့ ဒေါ်အေးမြင့်ခိုင်၏ ဂုဏ်သိက္ခာထိခိုက်စေရန် မမှန်မကန်စွပ်စွဲပြောဆိုခြင်း၊ ငွေများချေးယူခြင်း၊ ဒေါ်အေးမြင့်ခိုင် လက်ရှိလုပ်ကိုင်နေသောလုပ်ငန်းကို ထိခိုက်စေရန်သော်လည်းကောင်း၊ လုပ်ငန်းနှင့်ပတ်သက်သော မိတ်ဆွေများထံသို့ ဒေါ်အေးမြင့်ခိုင်၏ ဂုဏ်သတင်းညှိုးနွမ်းစေရန်ကြံရွယ်လျက် မမှန်မကန်စွပ်စွဲ ပြောဆိုခြင်းများ မပြုလုပ်ပါရန်နှင့် ဒေါ်အေးမြင့်ခိုင်နှင့် ဒေါ်နှင်းဝါခိုင်တို့သည် ယခုကြော်ငြာပါသည့်နေ့မှစ၍ နောင်တွင် ညီအစ်မအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် ဒေါ်နှင်းဝါခိုင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို ဒေါ်အေးမြင့်ခိုင်မှ ဖြေရှင်းပေးတော့မည် မဟုတ်ကြောင်းကိုလည်း ဒေါ်နှင်းဝါခိုင်အား သိစေအပ်ပါသည်။

အကယ်၍ ဆက်လက်ပြုမူ ပြောဆိုဆောင်ရွက်နေပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

**ဒေါ်အေးမြင့်ခိုင်(ခေတ္တစင်ကာပူ)၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဝင်းမြင့် (LL.B)** | **ဦးအောင်မျိုးခိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **လိုင်စင်အမှတ်(၇၃၀၄/၂၀၀၅)** | **လိုင်စင်အမှတ်(၁၈၁၀၅/၂၀၂၂)** |
| **ဖုန်း– 09–788895043** | **ဖုန်း– 09–969383766** |

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်နိုင်ဦး၏ သား ဦးစည်သူအောင် [၁၂/သလန (နိုင်) ၁၆၆၆၃၃]၏ ပတ်စ်ပို့ (MI – 762773) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း– ၀၉–၉၅၀၄၄၄၇၅၀**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဘိုးဆယ်၏ သမီး မကဝိနန္ဒီ [၁၂ / မရက (သီ) ၀၀၈၂၈]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၈၁၈၃၄၄၈**

## လုပ်ငန်းအမှတ်တံဆိပ်မူပိုင်ခွင့် အသိပေးကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ သီပေါလမ်း၊ အမှတ်(၁၄၂၂)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကိုကိုလတ် [၁၂/ဒဂတ(နိုင်) ၀၈၀၅၂၃]သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၃၀–၉–၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၈၁၀၂/၂၀၂၄)ဖြင့် မှတ်ပုံတင်ပြီးဖြစ်ပါသည်–




အထက်ဖော်ပြပါ **"ထူးရတနာမြေ"**ဟူသော လုပ်ငန်းအမှတ်တံဆိပ်ဖြင့် အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်းနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်းတို့ကို မြန်မာတစ်နိုင်ငံလုံး၌ ဖွင့်လှစ်ရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ထိုလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ဦးကိုကိုလတ်၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ တုပသုံးစွဲခြင်း၊ အမည်တူ၊ အမှတ်အသားတူ (သို့မဟုတ်) ဆင်တူယိုးမှား အမှတ်တံဆိပ်တစ်ခုခုကို ပြုလုပ်ခြင်း မူပိုင်ခွင့်မှတ်ပုံတင်ရန်လုပ်ဆောင်ခြင်းစသည်တို့ကို လုံးဝမပြုလုပ်ရန်နှင့် ဆင်တူယိုးမှားပြုလုပ်ခဲ့သည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးကိုကိုလတ်** | **ဒေါ်ထူးသဥ္ဇာဦး ဒေါ်ချမ်းမြေ့မွန်** |
| **[၁၂/ဒဂတ(နိုင်)၀၈၀၅၂၃]** | **(စဉ်–၁၆၄၈၃) (စဉ်–၁၇၅၁၀)** |
| | **တရားလွှတ်တော်ရှေ့နေများ** |

**အမှတ်(၁၅၈၇)၊ ကုမုဒြာလမ်း၊ (၄၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**PH; 09 404410070, 09 254295734**

## လုပ်ငန်းအမှတ်တံဆိပ်မူပိုင်ခွင့် အသိပေးကြေညာခြင်း

ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းသွယ်၊ အမှတ် (၄၈/ခ)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးကြည် (ခ) ဦးအောင်မျိုးကြည် [၁၂/လသန (နိုင်) ၀၀၀၁၆၉]သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၃၀–၉–၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၈၁၀၁/၂၀၂၄)ဖြင့် မှတ်ပုံတင်ပြီးဖြစ်ပါသည်–




အထက်ဖော်ပြပါ **"909"**ဟူသော လုပ်ငန်းအမှတ်တံဆိပ်ဖြင့် မုန့်ဟင်းခါးဖတ်ခြောက်၊ ဆန်ခေါက်ဆွဲ၊ ဆန်ကြာဇံ၊ ဂျုံခေါက်ဆွဲ၊ မုန့်တီစသည့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို မြန်မာတစ်နိုင်ငံလုံး၌ ဖြန့်ဖြူးရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ထိုလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ဦးမျိုးကြည်(ခ) ဦးအောင်မျိုးကြည်၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ တုပသုံးစွဲခြင်း၊ အမည်တူ၊ အမှတ်အသားတူ (သို့မဟုတ်) ဆင်တူယိုးမှား အမှတ်တံဆိပ်တစ်ခုခုကိုပြုလုပ်ခြင်း မူပိုင်ခွင့်မှတ်ပုံတင်ရန်လုပ်ဆောင်ခြင်း စသည်တို့ကို လုံးဝ မပြုလုပ်ရန်နှင့် ဆင်တူယိုးမှားပြုလုပ်ခဲ့သည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးမျိုးကြည်(ခ)** | **ဒေါ်ထူးသဥ္ဇာဦး ဒေါ်ချမ်းမြေ့မွန်** |
| **ဦးအောင်မျိုးကြည်** | **(စဉ်–၁၆၄၈၃) (စဉ်–၁၇၅၁၀)** |
| **[၁၂/လသန(နိုင်)၀၀၀၁၆၉]** | **တရားလွှတ်တော်ရှေ့နေများ** |

**အမှတ်(၁၅၈၇)၊ ကုမုဒြာလမ်း၊ (၄၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**PH: 09–404410070, 09–254295734**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ အချိန်ပိုင်း သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်–

၁။ သင်တန်းအမည် – (၁) Diploma in Tourism Studies and Management (DTSM)
ခရီးသွားလုပ်ငန်းပညာ နှင့် စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့လွန်ဒီပလိုမာသင်တန်း
(၂) Diploma in Computer Applications and Desktop Publishing (DCADTP)
လုပ်ငန်းသုံးအသုံးချကွန်ပျူတာဒီပလိုမာသင်တန်း
(၃) Diploma in Public Policy and Management (DPPM)
ပြည်သူ့ရေးရာမူဝါဒနှင့် စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်း
(၄) Certificate in Mass Communication (CMC)
လူထုဆက်ဆံရေးဆိုင်ရာလက်မှတ်ရသင်တန်း
(၅) Certificate in Economics and Finance (CEF)
စီးပွားရေးနှင့်ဘဏ္ဍာရေးလက်မှတ်ရသင်တန်း

၂။ သင်တန်းဝင်ခွင့် အရည်အချင်း – (က) Diploma သင်တန်းများအတွက် အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ခ) Certificate သင်တန်းများအတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ဖြစ်ရမည်။

၃။ သင်တန်းကာလ – Diploma သင်တန်း –(၁)နှစ်၊ Certificate သင်တန်း–(၃)လ

၄။ သင်တန်းကြေး – DTSM နှင့် DPPM ဒီပလိုမာသင်တန်းများအတွက် –၂၀၀၀၀၀ိ/
DCADTPဒီပလိုမာသင်တန်းအတွက်–၄၈၀၀၀၀ိ/(၂)ကြိမ်ခွဲသွင်းနိုင်သည်
Certificate သင်တန်းများအတွက် –၉၀၀၀၀ိ/

၅။ သင်တန်းဖွင့်လှစ်မည့်နေ့ရက် – ၁–၁၂–၂၀၂၄ (တနင်္ဂနွေနေ့)

၆။ သင်တန်းဖွင့်လှစ်မည့်အချိန် – CEF သင်တန်း (Sat, Sun– 9:00 AM to 4:00 PM Online)
CMC, DCADTPသင်တန်းများ (Sat, Sun –9:00 AM to 4:00 PM Hybrid )
DTSM, DPPM (Mon to Sat –6:30 PM to 8:00 PM, Sun–4:30 PM to 8:00 PM Online)

၇။ လျှောက်လွှာလက်ခံမည့်အစီအစဉ်– သင်တန်းလျှောက်ထားလိုသူများသည် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ကုန်သည်လမ်း၊ (၂)ထပ်စာသင်ဆောင်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် (၁–၁၁–၂၀၂၄)ရက်နေ့မှ (၂၉–၁၁–၂၀၂၄)ရက်နေ့အထိ ရုံးချိန်အတွင်းလာရောက်လျှောက်ထားနိုင်သည်။

၈။ လျှောက်လွှာနှင့်အတူ (က) လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ (ခ) ဘွဲ့လက်မှတ်/အောင်လက်မှတ်မိတ္တူ၊ (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ကိုပူးတွဲတင်ပြရမည်။

၉။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် (၁) ၀၁–၈၂၉၂၅၆၆ နှင့် ဖုန်းနံပါတ် (၂) ၀၉–၄၄၂၅၈၈၄၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃)တိုးချဲ့ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်း၊ အမှတ်(၂၂) ဟုခေါ်တွင်သည့် ဦးရဲကိုကို [၁၂/ဒဂမ(နိုင်) ၀၂၉၉၈၀] အမည်ပေါက်ထွက်ရှိသော နှစ်(၆၀) မြေငှားစာချုပ်မြေကွက် (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ ဦးရဲကိုကိုထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသက်မိုးခိုင် [၁၃/သနန(နိုင်) ၀၁၈၇၁၈]မှ အဆိုပါမြေနှင့်အိမ်ကို အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝေစော [၇/ပခတ(နိုင်) ၀၈၁၆၇၂]မှ ဝယ်ယူရန် မြေနှင့် အိမ်၏ တန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၂၀၁၅) (၁၄–၂–၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၁၁၈၁၈၂၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၃/စက်မှုဇုန်၊ လူနေရပ်ကွက်အမှတ်–စက်မှုဇုန်၊ မိုးကုတ်လမ်း၊ မြေကွက်အမှတ်– ၄၇၃(က$^{၃}$)နှင့် ၄၇၃(က$^{၄}$) မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စက်ရုံအဆောက်အဦနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စက်ရုံအဆောက်အဦတို့အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်ယော်ဆိုင်းရီ [၁၃/ကခန(နိုင်) ၀၃၈၄၇၄]နှင့် ဒေါ်တွမ်ရွှေကျောင်း [၁၃/ကခန(နိုင်) ၀၁၂၄၃၆] Seven Colour Co.,Ltd အထည်အလိပ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၉–၅–၂၀၂၃)ရက်စွဲပါ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်– ၃၁၀၉/၂၀၂၃ နှင့် ၃၁၁၀/၂၀၂၃ တို့ဖြင့် ဝယ်ယူ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၆–၆–၂၀၂၃)ရက်စွဲဖြင့် ဂရန်အမည်ပေါက်ထွက်ရှိပိုင်ဆိုင်ထားခြင်းဖြစ်ကြောင်းနှင့် အဆိုပါ မြေကွက်(၂)ကွက်နှင့် အဆောက်အဦတို့အား (၂၈–၃–၂၀၂၃)ရက်နေ့မှစ၍ ယနေ့တိုင် ပိုင်ရှင်များဖြစ်သူ ဒေါ်ယော်ဆိုင်းရီ၊ ဒေါ်တွမ်ရွှေကျောင်းတို့၏လက်ဝယ်၌ ထားရှိအသုံးပြုလျက်ရှိသည့် မြေနှင့်အဆောက်အဦဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက် (၂)ကွက်နှင့် မြေကွက်ပေါ်ရှိ စက်ရုံအဆောက်အဦတို့သည် ဂရန်အမည်ပေါက်ပိုင်ရှင်များဖြစ်သူ ဒေါ်ယော်ဆိုင်းရီ၊ ဒေါ်တွမ်ရွှေကျောင်းတို့မှလွဲ၍ တခြားမည်သူတစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုမှသော်လည်းကောင်း အကျိုးခံစားပိုင်ဆိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ယော်ဆိုင်းရီ** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၃/ကခန(နိုင်)၀၃၈၄၇၄]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)** |
| **ဒေါ်တွမ်ရွှေကျောင်း** | **အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **[၁၃/ကခန(နိုင်)၀၁၂၄၃၆]** | **ရွှေပြည်သာမြို့နယ်။ ဖုန်း–၀၉–၅၁၈၉၆၈၉** |
| **တိုက်အမှတ်–၂၆၊ အခန်း(၄)၊ စံပယ်လမ်း၊** | |
| **သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊** | |
| **ရန်ကုန်တိုင်းဒေသကြီး။** | |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## ဓာတုဗေဒစစ်ဆေးရေးဌာန (နေပြည်တော်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာနမှ အသုံးပြုရန်လိုအပ်သော ဓာတုဆေးရည်/ဆေးမှုန့်များနှင့် ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၁၀-၂၀၂၄ မှ ၈-၁၁-၂၀၂၄ ထိ
တင်ဒါပုံစံရောင်းချမည့်နေရာ - ဓာတုဗေဒစစ်ဆေးရေးဌာန (နေပြည်တော်)
အိတ်ဖွင့်တင်ဒါကျင်းပမည့်ရက် - ၁၂-၁၁-၂၀၂၄

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးခြင်းအား ၁၂-၁၁-၂၀၂၄ ရက်နေ့ နံနက် (၀၉:၀၀) အချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ လှတော်ဝင်လမ်းရှိ ဓာတုဗေဒစစ်ဆေးရေးဌာနတွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံများအား Lot အမျိုးအစားအလိုက်(၁)စောင်လျှင် ကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာန၊ နေပြည်တော်၌ သတ်မှတ်ရက်များတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၃၂၉၆၊ ၀၆၇-၈၁၀၃၂၉၈၊ ၀၆၇-၈၁၀၃၂၉၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဓာတုဗေဒစစ်ဆေးရေးဌာန၊ နေပြည်တော်**

---

## "မသန္တာအေး(ခ)ဇရီဒါဟ်ဘီ [၉/လဝန(နိုင်)၂၅၂၀၀၆] နှင့် သက်ဆိုင်သူများသိစေရန်"

ကိုသိန်းနိုင်(ခ)အဗ်ဒွလ္လာဟ်[၁၂/ပဇတ(နိုင်)၀၂၈၀၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ မသန္တာအေးနှင့် ကိုသိန်းနိုင်တို့သည် (၇-၁၁-၂၀၀၁) ရက်နေ့တွင် ထိမ်းမြားလက်ထပ်ခဲ့ပြီး သမီး(၃)ဦးထွန်းကားခဲ့ကြောင်း၊ ကိုသိန်းနိုင်က သည်းညည်းခံပြီး ပေါင်းသင်းခဲ့သော်လည်း မသန္တာအေး၏ ပြုမူဆောင်ရွက်မှုများကြောင့် ဆက်လက်မပေါင်းသင်းလိုတော့၍ (၁၂-၁၂-၂၀၂၃)ရက်နေ့တွင် မသန္တာအေး၏ ဖုန်းသို့ဆက်သွယ်ပြီး သွလားက်(၃)ကြိမ်အား တစ်ပြိုင်တည်းပေးခဲ့ကြောင်း၊ ထို့နောက် (၂၂-၈-၂၀၂၄)ရက်နေ့တွင် "အစ္စလာမ်တရားတော်နှင့်အညီ သွလားက်(၃)ကြိမ်ပေး ကွာရှင်းပြတ်စဲခြင်းကို ထပ်မံအတည်ပြုကြောင်း မွှက်ဟကြေညာခြင်းစာချုပ်" ချုပ်ဆိုပြီး မွှက်ဟကြေညာခဲ့ကြောင်း၊ အထက်ပါသွလားက်(၃)ကြိမ်ပေး ကွာရှင်းခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၊ အစ္စလာမ်ရေးရာခုံရုံးသို့ ဓမ္မသတ်မေးမြန်းခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ ကိုသိန်းနိုင်နှင့် မသန္တာအေးတို့၏ လင်မယားကွာရှင်းမှုသည် အစ္စလာမ်တရားတော်အရ အတည်ဖြစ်ပြီး ဇနီးမောင်နှံအဖြစ်မှ လင်ခန်းမယားခန်း အပြီးအပြတ် ကွာရှင်းပြတ်စဲသွားပြီဖြစ်ကြောင်း ဓမ္မသတ်ပြန်ကြားခဲ့ပါသည်။ ထို့ကြောင့် ကိုသိန်းနိုင်နှင့် မသန္တာအေးတို့သည် တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ကိုသိန်းနိုင်**
**[၁၂/ပဇတ(နိုင်)၀၂၈၀၃၈]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဇာနည်ကျော်**
**LL.B, LL.M, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၆၀/၂၀၂၄)**
**အမှတ်(၁၄၅)၊ (၄)လွှာ၊ ၂၆-လမ်း(လယ်)၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်-(26-B2)၊မြေကွက်အမှတ်(V ၁၁၈)၊ ဧရိယာ(၀.၀၂၉)ဧက၊ မြေကွက်တည်နေရာအမှတ်(၄၅)၊ ရွှေလှိုင်လမ်း၊ မကျည်းတန်းတောင်/အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးအောင်မြတ်ကျော်[၁၂/ကမတ(နိုင်)၀၀၇၇၇၈]၊ ဒေါ်ခင်သိန်းဆင့်[၁၂/ကမတ(နိုင်)၀၃၁၁၅၀]၊ ဒေါ်အေးမြကြည် [၁၂/ကမတ(နိုင်)၀၃၀၄၇၁] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်၏ အရှေ့ဘက်ခြမ်း(ခေါင်းရင်းဘက်ခြမ်း)၊ အကျယ်အဝန်း(၁၂ ပေ ၆ လက်မ x ၅၀ ပေ) အား ဒေါ်ခင်သိန်းဆင့်နှင့် ဒေါ်အေးမြကြည်တို့ (၂)ဦးမှလည်းကောင်း၊ မြေကွက်၏အနောက်ဘက်ခြမ်း(ခြေရင်းဘက်ခြမ်း)၊ အကျယ်အဝန်း(၁၂ ပေ ၆ လက်မ x ၅၀ ပေ) အား ဦးအောင်မြတ်ကျော် တစ်ဦးတည်းကလည်းကောင်း ပိုင်ဆိုင်ပါကြောင်း၊ အမည်ပေါက်(၃)ဦးအနက် ဒေါ်ခင်သိန်းဆင့်သည် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အမွေစားအမွေခံ ကိတ္တိမသားသမီးအဖြစ် မွေးစားခြင်းစာချုပ်အမှတ်-၅၀၇/၂၀၀၄ (၂၉-၁-၂၀၀၄)ဖြင့် ဒေါ်သဥ္ဇာအေးတစ်ဦးတည်းအား မွေးစားခဲ့ပါကြောင်း၊ အမည်ပေါက် ဒေါ်ခင်သိန်းဆင့်သည် အပျိုကြီးဘဝဖြင့်(၆-၁၀-၂၀၁၇)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ကွယ်လွန်သူ ဒေါ်ခင်သိန်းဆင့်တွင် တရားဝင်အမွေဆက်ခံခွင့်ရှိသူအဖြစ် ကိတ္တိမမွေးစားသမီးဖြစ်သူ ဒေါ်သဥ္ဇာအေးသာလျှင်ရှိပါကြောင်း၊ အခြားသော ကိတ္တိမသားသမီး တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးမြကြည်သည်(၁၂-၇-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတွင် တစ်ဦးတည်းသော တရားဝင်ခင်ပွန်းအဖြစ် ဦးမောင်သောင်းသာလျှင်ရှိပါကြောင်း၊ အခြားသော ခင်ပွန်း/ယောကျ်ား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမည်ပေါက် ဦးအောင်မြတ်ကျော်သည်(၂၈-၆-၂၀၁၉)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတွင် တစ်ဦးတည်းသောတရားဝင် ဇနီးအဖြစ်ဒေါ်လှအေးသာလျှင်ရှိပါကြောင်း၊ အခြား ဇနီး/မယားတစ်ဦး တစ်ယောက်မျှမရှိပါကြောင်း၊ ကွယ်လွန်သူများနှင့်၎င်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်၍ ကွယ်လွန်သူဒေါ်ခင်သိန်းဆင့်၏ ပိုင်ဆိုင်ခွင့်အစုအား ကိတ္တိမမွေးစားသမီး ဒေါ်သဥ္ဇာအေးကလည်းကောင်း၊ ဒေါ်အေးမြကြည်၏ ပိုင်ဆိုင်ခွင့်အစုအား ခင်ပွန်း ဦးမောင်သောင်းကလည်းကောင်း၊ ဦးအောင်မြတ်ကျော်၏ ပိုင်ဆိုင်ခွင့်အစုအား ဇနီးဒေါ်လှအေးကလည်းကောင်း၊ ၎င်းတို့၏ ပိုင်ဆိုင်ခွင့်အစုအသီးသီးအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဒေါ်သဥ္ဇာအေး[၁၂/ကမတ(နိုင်)၀၅၇၄၉၂]၊ဦးမောင်သောင်း[၁၂/ကမတ(နိုင်)၀၄၅၄၃၂]၊ ဒေါ်လှအေး [၁၂/ကမတ(နိုင်)၀၂၁၂၃၂] တို့က ကျောက်တံတားခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်-၁၁၉၇/၂၀၂၄(၁၀-၄-၂၀၂၄)နှင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်(၃)စောင်၊ နှစ်(၆၀)မြေငှားဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ဒေါ်သဥ္ဇာအေး၊ ဦးမောင်သောင်း၊ ဒေါ်လှအေးတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်းကွင်းအမှတ်(၀၂)၊အုပ်စုအမှတ်(RA-2)၊အကွက်အမှတ်(တ-၀၂)၊မြေကွက်အမှတ်(၀၀၂၈)၊ဧရိယာ(၄၀'×၆၀')ရှိ ယာယီမြေပေးမိန့်တွင် ဦးတင်ဝင်း(၁၂/တတန(နိုင်)၀၈၇၁၇၃)အမည်ပေါက်မြေကွက်နှင့်ပတ်သက်၍ကြေညာခြင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင်တရားဝင်အမည်ပေါက်သူ-ဦးတင်ဝင်း ကိုယ်တိုင်ကအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့်လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့မိတ်ဆွေက သိရှိသဘောတူညီခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ ငှါးရမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ကျူးကျော်နေထိုင်ခြင်း အစရှိသည်တို့ကို မပြုလုပ်/ မဆောင်ရွက်ကြပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ ပြုလုပ်ဆောင်ရွက်ခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၂၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်ုပ်မိတ်ဆွေ၏သမီးကြီးဖြစ်သူ မဇင်မေဦး [၁၂/ကတတ(နိုင်) ၀၃၁၈၃၅] သည် ကျွန်ုပ်မိတ်ဆွေက မိခင်တာဝန်ကျေပြွန်စွာ အစစအရာရာ ပြုစုပျိုးထောင် ကာကွယ်ပေးနေပါလျက် မိခင်အား အသိပေးခြင်းမရှိဘဲ နေအိမ်မှဆင်းသွားခဲ့ပြီး မိခင်အား ရိုင်းပျစွာပြောဆိုဆက်ဆံခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် အမျိုးမျိုးပြုလုပ်ဆောင်ရွက်ခြင်းများကြောင့် မိခင်အနေဖြင့် ကိုယ်စိတ်နှလုံးများစွာ စိတ်ထိခိုက်ရပါသဖြင့် ဤကြော်ငြာသည့်နေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သို့မျှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်လွင်လွင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဇာနည်ကျော် (LL.B, LL.M, WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၆၀)**
**အမှတ် ၁၄၅၊ ၄လွှာ၊ ၂၆လမ်း၊ ပန်းဘဲတန်းမြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၉၃၃၄၉၆၅၇**

---

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၁၁)လမ်း၊ တိုက်(၈)၊ အခန်း(၄၀၃)၊ ၅-လွှာ၊ အကျယ်အဝန်း ( ၁၅' x ၅၀') ရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

အထက်အမည်ပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဦးသန်းဇော်ဦး[၁၂/လမန(နိုင်)၁၃၄၇၆၄]ထံမှ ဝယ်ယူထားသူ ဒေါ်မြမြအေး [၇/သဝတ(ဧည့်)၀၀၀၀၀၇] ထံမှ ကျွန်တော် ဦးဒါနေဆေးကနေဆာမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်တော့်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဒါနေဆေးကနေဆာ [၁၂/အလန(နိုင်)၀၃၈၀၅၉]**
**တိုက်(၇)၊ အမှတ်(၂၀၇)၊ (၁၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၀၅၀၇၂၁၀၉**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၂

၁။ ဒေါ်မဥ္ဇူလွင် နှင့် ၁။ ဦးစိန်မောင်
၂။ ဦးရဲသူဟိန်း ၂။ ဦးစိန်အောင်
**(တရားလိုများ)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ ၁၄/ရပ်ကွက်၊ သလ္လာဝတီ(၅)လမ်းအရှေ့၊ အမှတ်(၁၆၈၉/ခ)နေ (၁) ဦးစိန်မောင် (၂) ဦးစိန်အောင် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို (၁) ဒေါ်မဥ္ဇူလွင်၊ (၂) ဦးရဲသူဟိန်းတို့က ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းတို့ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀) အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုတို့၏ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုတို့က ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်ဇာဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

---

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ တိုက်အမှတ်(၄၀)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦမှ (တတိယထပ်/B) တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသန့်ထူးအောင်[၇/ပခန(နိုင်)၂၉၉၇၄၇]ထံမှ ဒေါ်ဝါဝါမြင့်[၁၂/အစန(နိုင်)၀၁၅၈၁၅] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား မူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

---

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၁၀)လမ်း၊ တိုက်အမှတ်(၆၅၇)၊ (၂)ခန်းတွဲ၊ (၃ ½ /၅)ထပ်တိုက်အဆောက်အဦမှ (မြေညီထပ်-A/ခေါင်းရင်းခန်း)+၎င်းတိုက်အဆောက်အဦတည်ရှိရာ မြေကွက်ပိုင်ဆိုင်မှု အကျိုးခံစားခွင့်များ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်ပါအကျိုးခံစားခွင့်များကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးလှဦး(ကွယ်လွန်)၏ တစ်ဦးတည်းသောသမီးဖြစ်သည့် ဒေါ်သီတာဦး [၁၂/လမန(နိုင်)၀၃၆၂၂၅] ထံမှ ဒေါ်သရဖီကျော် [၁၄/ဘကလ(နိုင်)၃၂၂၆၂၀] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သရဖီကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

